# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၄)၊ အမှတ် (၁၃၄)


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## မိမိတို့နိုင်ငံအတွင်း၌ရှိသည့် မတူကွဲပြားသည့် ဘာသာဝင်များအကြား သင့်မြတ်ညီညွတ်မှုကို ပြသနေခြင်းဖြစ်သည်ဟု ယုံကြည် အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများကတစ်ဆင့် မြန်မာနိုင်ငံ၏အကျိုးကို ဝိုင်းဝန်းသယ်ပိုးသွားကြစေလို

နေပြည်တော် နိုဝင်ဘာ ၂

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် ဟိန္ဒူဘာသာဝင်များ စုပေါင်းကျင်းပသည့် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ◆

**ယနေ့ ဖတ်စရာ**


**ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကရင်ပြည်နယ်မှ အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ၏စကားသံများ** တွေ့ဆုံမေးမြန်း စာ ၁၁

**မမျှော်မှန်းနိုင်တာတွေအတွက် ကြိုတင်မြော်တွေးပြင်ဆင်** ဆောင်းပါး စာ ၁၆

**မန္တလေးဈေးကွက်အတွင်း ပဲစင်းငုံများ အရောင်းအဝယ်သွက်လျက်ရှိ** ပြည်တွင်းသတင်း စာ ၂၀






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားတွင် ဆန္ဒပြုဆုမွန်ကောင်း စကားပြောကြားစဉ်။

◆ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ် အခမ်းအနား မင်္ဂလာမုခ်ဦးကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဟိန္ဒူရိုးရာကဘူးများ မှုတ်ခြင်း၊ မိုးပျံပူဖောင်းများ လွှတ်တင်ခြင်းများကို ဆောင်ရွက်ကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ဟိန္ဒူရိုးရာဆီမီးနံ့သာဖြင့် ကြိုဆိုကြသည်။ ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့က ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ဟိန္ဒူအသင်းအဖွဲ့ ပြခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်။

**ပြခန်းများ လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဟိန္ဒူအသင်းအဖွဲ့ပြခန်းများ၊ ဟိန္ဒူမျိုးနွယ်စုပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို ပြဇာတ်ခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ဇနီး၊ တာဝန်ရှိသူများက ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြပြီး

*စာမျက်နှာ ၄ သို့*



ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနား မင်္ဂလာမုခ်ဦးကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ဆီမီးခွက်အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

စာမျက်နှာ ၃ မှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ဒီပါဝလီနေ့နှင့်ဆီမီးထွန်းညှိခြင်းတို့နှင့်ပတ်သက်၍ အခမ်းအနားမှူးက ရှင်းလင်းတင်ပြသည်။

**ဖျော်ဖြေမှု ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တစ်ကိုယ်တော်အကဖြင့် ဖျော်ဖြေမှု၊ Ganesha ဓမ္မတေးဖြင့် ပူဇော်မှု၊ ဆီမီးခွက်အကဖြင့် ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်တို့၏ ရိုးရာမီးထွန်းပွဲတော်ဖြစ်ပြီး "ဒီပ" ဟူသည့် မီးအလင်းရောင်နှင့် "အာဝလိ" ဟူသည့် စီတန်းခြင်းဟူသောအဓိပ္ပာယ်တို့ကို ပေါင်းစပ်၍ ဆီမီးအလင်းရောင်များဖြင့် စီတန်းထွန်းညှိ ပူဇော်ခြင်း အဓိပ္ပာယ်ရသည်ဟု သိရှိရပါကြောင်း၊ ထိုသို့ ဆီမီးပူဇော်ခြင်းအားဖြင့် အလင်းမှ အမှောင်ကို ခွင်းနိုင်သကဲ့သို့ မကောင်းသည့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးစဉ်။

❐ **ယခုနှစ်ကျင်းပသည့် ဒီပါဝလီနေ့အထိမ်းအမှတ်အခမ်းအနားသည်လည်း ယခင်နှစ်များနှင့်မတူဘဲ မြန်မာနိုင်ငံအတွင်း၌ရှိသည့် ဟိန္ဒူဘာသာရေးအဖွဲ့အစည်းများအပါအဝင် လူမှုရေးအဖွဲ့အစည်းများ အားလုံးနှင့် ဘာသာဝင်များ၊ အခြားသောဘာသာဝင်များ စုပေါင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားခြင်းဖြစ်ကြောင်း၊ ယင်းသည် မိမိတို့နိုင်ငံအတွင်း၌ရှိသည့် မတူကွဲပြားသည့် ဘာသာဝင်များအကြား သင့်မြတ်ညီညွတ်မှုကို ပြသနေခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ဟိန္ဒူဘာသာဝင်များအားလုံး စုစုစည်းစည်း ပါဝင်ဆင်နွှဲခြင်းသည် မှတ်တိုင်တစ်ခုဖြစ်သည့်အတွက် မိမိအနေဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းကို ပြောကြားလို**

အခြေအနေဆိုးမှ ကောင်းခြင်းတရားများ ရောက်ရှိလာစေရန်၊ မျှော်လင့်ချက် ရောင်ခြည်များ ပေါ်ထွန်းလာစေရန် ဟူသည့် ယုံကြည်ချက်များဖြင့် ယခုကဲ့သို့ ဆီမီးပူဇော်ကြသည်ဟု သိရပါကြောင်း၊ စာပေ၌ "အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟု ဆိုကြပြီး အလင်းရောင်သည် လူသားတို့ အားလုံးအတွက် ကောင်းကျိုးဖြစ်စေမည့် အဓိကခွန်အား၊ စွမ်းအားဖြစ်ကာ အလွန်ပင်အဓိပ္ပာယ်ရှိပါကြောင်း၊ ထို့ကြောင့် ဟိန္ဒူဘာသာဝင်များအနေဖြင့် ယခုကဲ့သို့ ပွဲတော်ကျင်းပသည့် အခါသမယတွင် ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ဘုရားကျောင်းများ၊ မိမိတို့၏နေအိမ်များတွင် ဆီမီးများကို လှပစွာ ထွန်းညှိပူဇော်ကြခြင်းသည် ဘဝ၏တိုးတက်မှုခွန်အားများကို အားလုံးရစေမည်ဟု ယုံကြည်ပါကြောင်း။

**စည်ကားစွာကျင်းပ**

ယခုနှစ်ကျင်းပသည့် ဒီပါဝလီနေ့အထိမ်းအမှတ် အခမ်းအနားသည်လည်း ယခင်နှစ်များနှင့်မတူဘဲ မြန်မာနိုင်ငံအတွင်း၌ရှိသည့် ဟိန္ဒူဘာသာရေးအဖွဲ့အစည်းများ အပါအဝင် လူမှုရေးအဖွဲ့အစည်းများအားလုံးနှင့် ဘာသာဝင်များ၊ အခြားသော ဘာသာဝင်များ စုပေါင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားခြင်းဖြစ်ကြောင်း၊ ယင်းသည် မိမိတို့နိုင်ငံအတွင်း၌ရှိသည့် မတူကွဲပြားသည့် ဘာသာဝင်များအကြား သင့်မြတ်ညီညွတ်မှုကို ပြသနေခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ဟိန္ဒူဘာသာဝင်များအားလုံး စုစုစည်းစည်း ပါဝင်ဆင်နွှဲခြင်းသည် မှတ်တိုင်တစ်ခုဖြစ်သည့်အတွက် မိမိအနေဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းကို ပြောကြားလိုပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံသားများသည် လူမျိုးအရဖြစ်စေ၊ ဘာသာတရားအရဖြစ်စေ ကွဲပြားမှုများရှိကြောင်း၊ သို့သော်လည်း အမိမြေပေါ်တွင် အတူတကွ ကြီးပြင်းလာကြသူများ ဖြစ်ကြသည်မှာ တူညီသည့်အတွက် တစ်ဦး၏ ယုံကြည်ရာဘာသာတရားကို အခြားတစ်ဦးက လေးစားကြရမည် ဖြစ်ကြောင်း၊ ပြည်ထောင်စု စိတ်ဓာတ်ကို အခြေခံပြီး အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများကတစ်ဆင့် မြန်မာနိုင်ငံ၏အကျိုးကို ဝိုင်းဝန်းသယ်ပိုးသွားကြစေလိုကြောင်း၊ သို့သော်လည်း ယနေ့အချိန်တွင် မိမိတို့နိုင်ငံ၌ဖြစ်ပေါ်နေသည့် ပဋိပက္ခများသည် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့်ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းမှုမရှိခြင်းကြောင့် ဖြစ်ကြောင်း၊ ပြည်ပမှ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး စသည့် လှုံ့ဆော်မှုအမျိုးမျိုးကို အခြေခံနေတာ

စာမျက်နှာ ၅ သို့

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

တွေ့ရကြောင်း၊ ယင်းသို့ သွေးထိုး လှုံ့ဆော်မှုများမှတစ်ဆင့် နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များကို မိုက်မဲစွာကျူးလွန်နေကြခြင်းပင်ဖြစ်ကြောင်း၊ သွေးကွဲနေပါက သွေးထိုးခံနေရမည်ပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ဒီမြေ၊ ဒီရေ၊ ဒီလေကို တူညီစွာသုံးစွဲနေထိုင်ကြသည့် မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်ပင် ဖြစ်ပါစေ မြန်မာနိုင်ငံကို ချစ်သည့်စိတ်၊ ပြည်ထောင်စု စိတ်ဓာတ်မွေးပြီး နေကြရန်လိုကြောင်း၊ ယနေ့အချိန်တွင် မိမိအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းနိုင်ရန်အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ အတိုင်း အကောင်အထည် ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ကြောင့် ဖြစ်ပေါ်နေသည့် ပဋိပက္ခများ ချုပ်ငြိမ်းပြီး မိမိတို့ အားလုံးသွားလိုသည့် လမ်းကြောင်းပေါ်အမြန်ဆုံး ပြန်လည်ရောက်ရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

### လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး

မိမိတို့နိုင်ငံတွင် မတူညီမှုများ ကွဲပြားမှုများရှိနေသည် မှန်သော်လည်း အဆိုပါမတူကွဲပြားမှုများကို စုစုစည်းစည်း ရုံးနိုင်ခြင်းကသာ အင်အားကို ဖြစ်စေပါကြောင်း၊ ထိုကဲ့သို့ စုစည်းသည့်အင်အား ရရှိစေရေး မိမိကိုယ်တိုင်ဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိအနေဖြင့် မြန်မာပြည်ဖွား အိန္ဒိယလူမျိုးစုအဖွဲ့အစည်းများ၊ တရုတ်လူမျိုးစုအဖွဲ့အစည်းများနှင့် မိမိ၏ ကိုယ်စားလှယ်များ တွေ့ဆုံစေခဲ့ကြောင်း၊ အဆိုပါအဖွဲ့အစည်းများ၏ လိုအပ်ချက်များကို မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့်အပြင် ၎င်းတို့၏ သုံးသပ်ချက်များအပေါ် အခြေရှာ ဆောင်ရွက်ပေးခဲ့ကြောင်း၊ *စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနား တက်ရောက်လာကြသည့် ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

*စာမျက်နှာ ၅ မှ*
မြန်မာနိုင်ငံတွင်ရှိသည့် ဘာသာပေါင်းစုံ၏ ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ လူမျိုးစုများဆိုင်ရာအထိမ်းအမှတ်နေ့များနှင့် အခမ်းအနားများကို မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သမျှ အားပေးကူညီ နေသည်ကိုလည်း အားလုံးက မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ကြောင်း၊ ယနေ့တွင်လည်း ဒီပါဝလီပွဲတော် အထိမ်းအမှတ် အခမ်းအနားကို တက်ရောက်သူများ အားလုံးနှင့်အတူ စည်းလုံးမှု၊ စုစည်းမှုအားကို မြင်တွေ့ရသည့် နေ့ပင်ဖြစ်ပါကြောင်း၊ မိမိတို့ ယခုထက်ပိုခိုင်မြဲအောင် ဆက်လက်တည်ဆောက်သွားကြရန် လိုပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ ဟိန္ဒူဘာသာဝင်များ၏မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ဆီမီးထွန်းညှိပူဇော်ခြင်းပွဲတော်ကာလမှစပြီး မိမိတို့ နိုင်ငံသားအားလုံးက တစ်ဦးအပေါ်တစ်ဦး ချစ်ခင်လေးစားမှု၊ နားလည်ခွင့်လွှတ်မှုများ မျှဝေပေးပြီး နိုင်ငံတော်နှင့်ကမ္ဘာကြီးတွင် ငြိမ်းချမ်းသာယာမှုများ ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်းစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက အမှတ်တရစကားနှင့် ဒီပါဝလီ အထိမ်းအမှတ်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား အသီးသီးပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများအား ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ယဉ်ကျေးမှုအဖွဲ့များက ဟိန္ဒူရိုးရာယဉ်ကျေးမှု အကပဒေသာများ၊ လူမျိုးစုများ၏ ရိုးရာအကများ၊ မြန်မာရိုးရာအကများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။ ဖျော်ဖြေမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့သည် ယဉ်ကျေးမှုအဖွဲ့များအား အမှတ်တရဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနား ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၊ ဝိဇ္ဇာဘွဲ့ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။






အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အထူးဖိတ်ကြားထားသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဧည့်သည်တော်များ၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ကို စတင်တည်ထောင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၆၂၀၊ သိပ္ပံဘွဲ့ ၁၃၈၀ နှင့် အင်ဂျင်နီယာဒီပလိုမာ ၉၅၉ ဦး စုစုပေါင်း ၂၉၅၉ ဦးတို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အားပေး ထောက်ပံ့လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှုများကြောင့် ယခုအခါတွင် မဟာဝိဇ္ဇာဘွဲ့ ၇၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၄၆ ဦး၊ M.Res ၅၅ ဦး၊ ပါရဂူဘွဲ့ ၁၅ ဦး၊ B.E ဘွဲ့ ၃၀၁ ဦး၊ M.E ဘွဲ့ ၁၅ ဦး၊ B.Tech ၄၅၂ ဦး အသီးသီးအောင်မြင်မှုရရှိခဲ့သဖြင့် အားရကျေနပ်ဖွယ်ဖြစ်ပါကြောင်းနှင့် ကျောင်းဆင်း ကျောင်းသား ကျောင်းသူများအနေဖြင့် အားကျအတုယူ ကြိုးစားအားထုတ်သွားကြရန် အထူးမှာကြားလိုကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ဒီဂရီကောလိပ်များမှ ကျောင်းဆင်း ကျောင်းသား ကျောင်းသူများအား မိမိဒေသအုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် MSME လုပ်ငန်းများတွင် ဦးဆောင်ပါဝင်ဆောင်ရွက်စေရန်" ဟု လမ်းညွှန်မှာကြားချက်အရ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရကျောင်းသား ကျောင်းသူများကို ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနများတွင်လည်းကောင်း၊ A.G.T.I ဒီပလိုမာရကျောင်းသား ကျောင်းသူများကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများတွင်လည်းကောင်း အချိုးကျခွဲဝေတာဝန်ပေးခန့်အပ်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal)" ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ကို တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို မမေ့မလျော့နှလုံးသွင်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လမ်းပြနိုင်မည့် ခေါင်းဆောင်ကောင်းများ၊ နိုင်ငံတော်က အားကိုအားထားပြုရသည့် သားကောင်း၊ သမီးမွန်များဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ်ထူးချွန်ဆု ရရှိသူ နှစ်ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က A.G.T.I ဒီပလိုမာထူးချွန်ဆု ရရှိသူ တစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များက အလုပ်တာဝန်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ထူးချွန် ကျောင်းသားများနှင့် ၎င်းတို့၏မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ထူးချွန်ကျောင်းသား သုံးဦးနှင့် ဒီဂရီကောလိပ်ဘက်စုံဖွံ့ဖြိုးရေးအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒီဂရီကောလိပ်ဝင်းအတွင်း မိုးလုံလေလုံအားကစားခန်းမဆောက်လုပ်နေမှု၊ လေးထပ်အင်ဂျင်နီယာစာသင်ဆောင်အသစ်တွင် ဘာသာရပ်အလိုက် သင်ထောက်ကူပစ္စည်းများ ထပ်မံဖြည့်တင်းဆောင်ရွက်မည့်အခြေအနေ၊ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်၊ ဖူဆယ်အားကစားကွင်း၊ စိမ်းလန်းစိုပြည်သာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်းကျောင်းသား ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။


သတင်းစဉ်

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အလွတ်ခုန်လေထီး စစ်သည်များ ပွဲတော်အလံ သယ်ဆောင်၍ ကွင်းအတွင်း ဆင်းသက်မည့်အစီအစဉ် ကြိုတင်လေ့ကျင့်

နေပြည်တော် နိုဝင်ဘာ ၂

ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အလွတ်ခုန်လေထီး စစ်သည်များက တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော် အလံ သယ်ဆောင်၍ ကွင်းအတွင်း ဆင်းသက်မည့် အစီအစဉ်အတွက် စက်တင်ဘာ ၄ ရက်မှစ၍ ကြိုတင်လေ့ကျင့်လျက်ရှိရာ ယနေ့ အကြိမ် (၃၀) မြောက်အဖြစ် လေ့ကျင့်နေမှုများကို တွေ့ရစဉ်။











နေပြည်တော်ကောင်စီနယ်မြေအလံ




ကယားပြည်နယ်အလံ




ချင်းပြည်နယ်အလံ




မွန်ပြည်နယ်အလံ




ရန်ကုန်တိုင်းဒေသကြီးအလံ




တနင်္သာရီတိုင်းဒေသကြီးအလံ




မကွေးတိုင်းဒေသကြီးအလံ



ဧရာဝတီတိုင်းဒေသကြီးအလံ

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပဒေသာ

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ကျင်းပခဲ့ရာ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။




**ဆိုင်း (အတီး)**

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) ၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ချစ်ဆုဝေစတင်း "မော်တင်လယ်" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



**အိုးစည် (အတီး)**

အိုးစည်အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ မောင်ခင်မောင်လတ်နှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။




**ပလွေ (အတီး)**

ပလွေအတီးပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသား) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်စောငြိမ်းဇော်မင်း "ကျွန်းကျွန်းပိုင်သ" (ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




**တယော (အတီး)**

တယောအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မဝင့်ဝါဖူးပွင့်အောင် "မှန်ရဝေ" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



**အဆို**

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေး အဆိုပြိုင်ပွဲဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲဝင့်လှိုင် "ဥမကွဲ သိုက်မပျက်" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




**ဂီတာ (အတီး)**

ဂီတာအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီးမှ မအိမ့်ဆည်းဆာ (ခ) သွန်းဆည်းဆာ "စံရာတောင်ကျွန်း" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**မယ်ဒလင် (အတီး)**

မယ်ဒလင်အတီးပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသမီး) ၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မဆုပြည့်သူ "ဂုဏ်တော်ဖွင့်" (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## ပတ္တလား (အတီး)

ပတ္တလားအတီးပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသား) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝေယံဂျက် "ရှစ်စုံရွက်ကြာ" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## နှဲ (အတီး)

နှဲ အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်သိန်းတိုးအောင် "မြန်ခန်းကျွန်းတွင်း" (ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




## တယော (အတီး)

တယောအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဝဿန် "မှန်ရဝေ" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## မယ်ဒလင် (အတီး)

မယ်ဒလင် အတီးပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသား) ၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်အောင်ဘုန်းဇံ "ဆန်းနွေဦး" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## အဆို

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေး အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသား) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်စိုးပြည့်ငြိမ်း "ကျေးရွာဝါဒ" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



## ဆိုင်း (အတီး)

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသမီး) ၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မမိုးပြည့်ပြည့်နိုင် "ဝေဇယန္တာ" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# ကယားပြည်နယ်ဝန်ကြီးချုပ် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၂/၂၀၂၄)ဖွင့်ပွဲသို့ တက်ရောက် လွိုင်ကော်မြို့ မြို့အင်္ဂါနှင့်အညီဖြစ်ရေး ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် နိုဝင်ဘာ ၂**

ကယားပြည်နယ်အစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် ကယားပြည်နယ်ဥပဒေချုပ်ရုံးမှ ကျင်းပသည့် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၂/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအဖွဲ့၏ အားထားရသည့်ဌာနအဖွဲ့အစည်းများအဖြစ် ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း သင်တန်းတွင် ပို့ချလိုက်သော ဥပဒေအသိပညာများကို လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်ရေး ကြိုးစားလေ့လာမှတ်သားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။




ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအတွက် ထောက်ပံ့ငွေများပေးအပ်ရာ ပြည်နယ်ဥပဒေအရာရှိ ဦးသိန်းထွန်းက လက်ခံရယူပြီး(**အပေါ်ပုံ**) ပြည်နယ်ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ သင်တန်းတွင် ပြည်နယ်အတွင်း ဌာနဆိုင်ရာ အရာထမ်း ၁၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်တာကြာမြင့်မည်ဖြစ်ကာ ဥပဒေ ၁၇ မျိုးကို ပို့ချသွားမည်ဖြစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်က မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လွိုင်ကော်မြို့ အမှတ်(၄)လမ်းမကြီးတစ်လျှောက် ကန်ပတ်လမ်းနှင့် အနော်ရထာလမ်းတို့တွင် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ပါဝင်ဆောင်ရွက်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။ အဆိုပါလမ်းတစ်လျှောက်ဝဲ ယာရှိ ဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပလက်ဖောင်းများ၊ လမ်းလယ်ကျွန်းများ သန့်ရှင်းသပ်ရပ်စေရေးနှင့် ပန်းအလှပင်များ စိုက်ပျိုးရေး၊ လမ်းဘေးဝဲ ယာ အန္တရာယ်ရှိ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းရေး၊ ပျက်စီးနေသော ကတ္တရာလမ်းများ ပြုပြင်သွားရေး၊ မိမိတို့နေရပ်သို့ ပြန်လည်ဝင်ရောက်နေထိုင်လိုသည့် ပြည်သူများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးက အားကစားနည်း ၂၄ နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်

**ရန်ကုန် နိုဝင်ဘာ ၂**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးက အားကစားနည်း ၂၄ နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

"ရန်ကုန်တိုင်း ဒေသကြီးအနေနဲ့ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၄ ရက်မှ ၂၄ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော် ကျင်းပပြုလုပ်ခဲ့ပြီး ထူးချွန်တဲ့ ကစားသမားတွေကို ရွေးချယ်စခန်းသွင်း လေ့ကျင့်နေပါတယ်။ အားကစားနည်းအားလုံးကို ဆုရရှိဖို့ အကောင်းဆုံးပြင်ဆင်ထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ အားကစားသမားတွေရဲ့ အားသာချက်က ရေကူး၊ တိုက်ကွမ်ဒို၊ ဖူဆယ်၊ စားပွဲတင်တင်းနစ်အပြင် ကျန်အားကစားနည်းတွေလည်း အားသာပါတယ်။ လေ့ကျင့်တဲ့နေရာ ၁၅ နေရာမှာ ကစားနည်း ၂၄ နည်းကိုခွဲပြီး နေ့စဉ် စနေ၊ တနင်္ဂနွေမှလွဲ၍ ပုံမှန်လေ့ကျင့်နေပါတယ်။ ဒီပြိုင်ပွဲ ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံမှာ ကျင်းပမယ့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ မျိုးဆက်သစ် အားကစားသမား ဝင်ရောက်ယှဉ်ပြိုင်မှုမှာ မျိုးဆက်သစ် ကစားသမားတွေ ရရှိဖို့အတွက် ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ပါတယ်။ အမျိုးသားအားကစားပွဲတော်က ၁၀ နှစ်နီးပါး မကျင်းပနိုင်ခဲ့ပါဘူး။ ဒီလိုပြိုင်ပွဲတွေဟာ ဆီးဂိမ်းအတွက် ရည်မှန်းပြီး ဆောင်ရွက်တာလည်း ဖြစ်တယ်။ မျိုးဆက်သစ်ကစားသမား ထွက်ပေါ်လာဖို့အတွက် လည်းရည်ရွယ်ပြီး ကျင်းပတာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံ၊ ကျွန်တော်တို့ အားကစားသမားအဖွဲ့တွေအတွက်ကတော့ အရေးကြီးတဲ့ ပွဲတစ်ပွဲပဲ ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက ပြောသည်။




ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တိုက်ကွမ်ဒိုအားကစားသမားများ လေ့ကျင့်မှုကိုတွေ့ရစဉ်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးမှ အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမား စုစုပေါင်း ၆၂၀ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။



ဦးကျော်မင်းသန်း (ညွှန်ကြားရေးမှူး)

မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂၊ ၁၉၉၄၊ ၁၉၉၇နှင့် ၂၀၁၅ခုနှစ်တွင် ကျင်းပခဲ့သည်။ ယခုအခါ မြန်မာ့အားကစား အဆင့်အတန်း ပြန်လည်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာန အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့်အားကစားနည်း၂၃ မျိုးနှင့် မသန်စွမ်း အားကစားနည်း ထည့်သွင်းသွားမည်ဖြစ်ပြီး ဆုတံဆိပ် ၂၀၀ ကျော် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး၊ ဓာတ်ပုံ–တင်စိုး**

# ပုသိမ်မြို့နယ်အတွင်းရှိ ကျေးလက် လမ်း၊ တံတားလုပ်ငန်းများ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ပုသိမ် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်း၊ တံတားလုပ်ငန်းများကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးသည် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ငှက်ချေးချောင်း – တောင်ယာကုန်း – ရွာသစ်ကုန်း လမ်း (၀/၄မိုင် x ၁၂ပေ x ၆လက်မ) ကျောက်ခင်းခြင်း လုပ်ငန်းနှင့် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် သုတကျော်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော မုန်စက်ရုံ – အိမ်ကုန်းကြီးလမ်း (၀/၆မိုင် x ၁၈ပေ x ၆လက်မ) ကျောက်ခင်းခြင်းလုပ်ငန်းတို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းနှင့် မြို့နယ်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ငှက်ချေးချောင်း–တောင်ယာကုန်း –ရွာသစ်ကုန်းလမ်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက အကျိုးပြုကျေးရွာ ၁၃ ရွာ၊ အိမ်ခြေ ၁၆၄၁ အိမ်၊ လူဦးရေ ၅၉၆၆ ဦးနှင့် မုန်စက်ရုံ–အိမ်ကုန်းကြီးလမ်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက အကျိုးပြုကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၁၅၀၇ အိမ်၊ လူဦးရေ ၅၄၈၈ ဦးတို့ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**



# ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကရင်ပြည်နယ်မှ အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ၏ စကားသံများ

**တွေ့ဆုံမေးမြန်း– စိုးစိုးအေးIPRD၊ စောသိန်းထွေး NRC**


ဦးဇော်ဇော်မင်း


မထက်ဝေဝေအောင်


မောင်ခိုင်ခန့်ကြည်


နန်းနှင်းဝေ


စောအောင်ထွန်းနေ


စောပြည့်ဖြိုးဦး

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ကရင်ပြည်နယ်ကိုယ်စားပြုအားကစားသမားများ စေလွှတ်ယှဉ်ပြိုင်နိုင်စေရေးနှင့် အောင်မြင်မှုများရရှိနိုင်ရေး အားကစားနည်းများအလိုက် ဘားအံမြို့ပေါ်ရှိ အားကစားကွင်း အားကစားရုံများ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိရာ အုပ်ချုပ်သူနည်းပြနှင့်အားကစားသမားများ၏ ရင်တွင်းစကားသံများကို ဖော်ပြပေးလိုက်ပါသည်–

**ဦးဇော်ဇော်မင်း (ကရင်ပြည်နယ်၊ ဘော်လီဘောနည်းပြချုပ်)**

ကျွန်တော်က ကရင်ပြည်နယ် ဘော်လီဘောနည်းပြချုပ် ဖြစ်ပါတယ်။ အမျိုးသား၊ အမျိုးသမီးအသင်း နှစ်သင်းလုံးရဲ့ နည်းပြဆရာလည်း ဖြစ်သလို အုပ်ချုပ်သူလည်းဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ကရင်ပြည်နယ်အနေနဲ့ အားကစားနည်း ၂၃ နည်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်ပြီး လူဦးရေ ၄၉၃ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ဘော်လီဘောအားကစားနည်းကိုတော့ အောက်တိုဘာ ၁ ရက်ကစပြီးတော့ စခန်းသွင်းလေ့ကျင့်ခဲ့ပြီး အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၄ဦး၊ နည်းပြ အုပ်ချုပ် ခြောက်ဦး စုစုပေါင်း ၃၀ နဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ ယခုအသက် (၂၀) အောက် အမျိုးသားဘော်လီဘောအသင်းအနေနဲ့ ဖိုင်နယ်အဆင့်ကို တက်ရောက်ပြီး ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်နဲ့ ပြေးခုန်ပစ်အားကစားနည်းကို နှစ်လုံးပေါက် စခန်းသွင်းလေ့ကျင့်ပါတယ်။ ဘော်လီဘောအားကစားနည်းမှာလည်း နှစ်စဉ်နှစ်စဉ် ဆုတွေရပါတယ်။ ကရင်ပြည်နယ်အနေနဲ့ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်တဲ့ အားကစားနည်းတွေမှာ ရွှေတံဆိပ်ဆုတွေ ဆွတ်ခူးနိုင်ဖို့အတွက် ပြည်နယ်အစိုးရဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်နဲ့အညီ ကြိုးစားဆောင်ရွက်နေပါတယ်။ အားကစားသမားတွေရဲ့ နေထိုင်စားသောက်ရေး၊ လေ့ကျင့်ရေး၊ ကျန်းမာရေးအတွက်ကိုလည်း အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေတဲ့ နေထိုင်ရာနေရာအလိုက် ပြည်နယ်အစိုးရရဲ့ ခွင့်ပြုချက်နဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့လည်း ပူးပေါင်းပြီး ကျန်းမာရေး စောင့်ရှောက်မှုစင်တာတွေ ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်မှာ ကရင်ပြည်နယ် အားကစားအသင်းများ အောင်မြင်မှုရရှိဖို့အတွက် ရွှေဆံဆိပ်ဆု များရရှိအောင် ကြိုးစားဆောင်ရွက်သွားကြမယ်လို့ ပြောကြားလိုပါတယ်။

**မထက်ဝေဝေအောင် (ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဗိုဗီနမ်အားကစားသမား)**

သမီးက ဗိုဗီနမ်အားကစားနည်းနဲ့ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဗိုဗီနမ်အားကစားနည်းမှာ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး သိုဗန်ညိုလို့ခေါ်တဲ့ အားကစားနည်းရယ်၊ ဆောင်းလွှကီးလို့ခေါ်တဲ့ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး ဓားချင်းခုတ်တဲ့ အားကစားနည်းရယ်၊ တစ်ကိုယ်တော် လောင်းဝါဝေ့လို့ခေါ်တဲ့ အားကစားနည်းရယ် သုံးမျိုးပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ စခန်းတွင်းလေ့ကျင့်တဲ့အချိန်မှာ နံနက်ပိုင်း ၆ နာရီကနေ ၇ နာရီအထိ Physical ပိုင်းကို နည်းပြတွေနဲ့ အတူတူ လေ့ကျင့်ပါတယ်။ နံနက်ပိုင်း ၉ နာရီကနေ ၁၁ နာရီအထိ နည်းစနစ်ပိုင်းကို နည်းပြတွေနဲ့အတူ လေ့ကျင့်ပါတယ်။ ညနေ ၃နာရီခွဲကနေ ၅ နာရီအထိကတော့ နည်းပြတွေနဲ့အတူတူ နည်းစနစ်ပိုင်းကို ထပ်ပြီးတော့ လေ့ကျင့်ပါတယ်။ သမီးအနေနဲ့ကတော့ ကရင်ပြည်နယ်အတွက် ပါဝင်ယှဉ်ပြိုင်မယ့် အားကစားနည်း သုံးမျိုးလုံးကို ရွှေတံဆိပ်ဆုရယူဖို့ မျှော်လင့်ထားပါတယ်။

**မောင်ခိုင်ခန့်ကြည် (ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ပိုက်ကျော်ခြင်းအားကစားသမား)**

ကျွန်တော်က ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော်မှာ ပိုက်ကျော်ခြင်းအားကစားနည်း ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ဒီပိုက်ကျော်ခြင်း အားကစားနည်းကို ဒီတစ်ကြိမ်နဲ့ပါဆို လေးကြိမ် ယှဉ်ပြိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကရင်ပြည်နယ်အတွက် ပထမဆုရရှိဖို့ မျှော်မှန်းထားပါတယ်။

**နန်းနှင်းဝေ(ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမျိုးသမီးဘော်လီဘောအသင်း)**

သမီးက ကရင်ပြည်နယ် ကိုယ်စားပြု အမျိုးသမီး ဘော်လီဘောအသင်းမှာ ပါဝင်ယှဉ်ပြိုင်မှာပါ။ ဒီဘော်လီဘော အားကစားနည်းကို တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ နှစ်ကြိမ်ကစားဖူးပါတယ်။ ငယ်စဉ်ကတည်းက ဝါသနာပါတာဖြစ်လို့ တက္ကသိုလ်ရောက်တဲ့အထိ ဒီကစားနည်းကို ကစားခဲ့ပါတယ်။ ကရင်ပြည်နယ် အမျိုးသမီး ဘော်လီဘောအသင်းအနေနဲ့ ကရင်ပြည်နယ်အတွက် ရွှေတံဆိပ်ဆုရယူဖို့ကြိုးစားသွားပါမယ်။

**စောအောင်ထွန်းနေ (ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ ဗိုဗီနမ်အားကစားသမား)**

ကျွန်တော်က အမျိုးသားအားကစားပွဲတော်မှာ ဗိုဗီနမ်အားကစား နည်းထဲက နှစ်ယောက်တွဲ မာတောင်အားကစားနည်းရယ်၊ လေးယောက်တွဲ တင်းတောင်းအားကစားနည်းရယ် နှစ်မျိုး ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ စခန်းသွင်းလေ့ကျင့်တဲ့ အချိန်မှာလည်း နည်းပြတွေနဲ့အတူ စနစ်တကျလေ့ကျင့်ပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်ကတော့ အားကစားနည်းတိုင်းမှာ ရွှေတံဆိပ်ဆုရရှိဖို့နဲ့ ပြည်နယ်အတွက် ဗိုဗီနမ်အားကစားနည်းဖြင့် ရွှေတံဆိပ်ဆုရရှိဖို့ ကြိုးစားယှဉ်ပြိုင်သွားမှာပါ။

**စောပြည့်ဖြိုးဦး (ကရင်ပြည်နယ်၊ ရသေ့ပျံကျေးရွာ၊ ဘော်လီဘောအားကစားသမား)**

ကျွန်တော်က အမျိုးသားအားကစားပွဲတော်မှာ ဘော်လီဘောအားကစားနည်းဖြင့် ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ဒီဘော်လီဘောအားကစားနည်းကို ပထမအကြိမ် ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ နည်းပြတွေနဲ့ စနစ်တကျလေ့ကျင့်ပြီး ဘော်လီဘောအားကစားနည်းဖြင့် ရွှေတံဆိပ်ဆုရရှိအောင်ကြိုးစားသွားမှာပါ။

- ❖ **အမျိုးသားဘော်လီဘောအသင်းအနေနဲ့ ဖိုင်နယ်အဆင့်ကို တက်ရောက်ပြီး ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်နဲ့ ပြေးခုန်ပစ်အားကစားနည်းကို နှစ်လုံးပေါက် စခန်းသွင်းလေ့ကျင့်ပါတယ်**
- ❖ **ဘော်လီဘောအားကစားနည်းမှာလည်း နှစ်စဉ်နှစ်စဉ် ဆုတွေရပါတယ်။ ကရင်ပြည်နယ်အနေနဲ့ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်တဲ့ အားကစားနည်းတွေမှာ ရွှေတံဆိပ်ဆုတွေ ဆွတ်ခူးနိုင်ဖို့အတွက် ပြည်နယ်အစိုးရဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်နဲ့အညီ ကြိုးစားဆောင်ရွက်နေပါတယ်**

## မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၂

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံ



မန္တလေး နိုဝင်ဘာ ၂

**ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၌ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်စာရင်းစစ်ရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**

တွေ့ဆုံစဉ် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက စာရင်းစစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စစ်ဆေးရေးစီမံချက်နှင့် အညီစစ်ဆေး၍ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများကို အချိန်မီထုတ်ပြန်နိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် လေ့ကျင့်သင်ကြားရေး အစီအစဉ်များကို ရုံးချုပ်နှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းအပြင် လုပ်ငန်းခွင်တွင် အသုံးချဆောင်ရွက်တတ်စေရန် ကြိုးကြပ်ခြင်း၊ အသိပညာမျှဝေပေးခြင်းတို့ဖြင့် ဝိုင်းဝန်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ထို့အတူ နည်းပညာအသုံးပြု၍ IT Audit စစ်ဆေးခြင်းကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးအတွက် ကွန်ပျူတာအခြေခံမှစ၍ အဆင့်မြင့်ပညာအထိ တတ်မြောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး သတင်းအချက်အလက်လုံခြုံရေးကိုလည်း ဂရုပြုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများက ဝန်ထမ်းအင်အားနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ယနေ့နံနက်ပိုင်းကလည်း မိတ္ထီလာခရိုင် စာရင်းစစ်ရုံး၌ ခရိုင်/မြို့နယ် စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၇)ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၂**

ဗီယက်နမ်နိုင်ငံ ဟွိုင်အန်းမြို့တွင် အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပသည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၇)ကြိမ်မြောက် အစည်းအဝေးနှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ခံကျင်းပသည့် အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံ(၂၀၂၅) အား ပြန်လည်သုံးသပ်ခြင်းနှင့် အာဆီယံမျှော်မှန်းချက်(၂၀၄၅)ဆိုင်ရာ ဒေသတွင်းဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ ဘာသာရပ်တာဝန်ခံ အရာထမ်းနှစ်ဦး တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးနှင့် ဆက်စပ်၍ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းနှင့် စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး ဆွေးနွေးရန်ကျန်ရှိနေသည့် နယ်ပယ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ရာ ၈၂ ဒသမ ၉ ရာခိုင်နှုန်းအထိ ပြီးစီးခဲ့သည်။

အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ (၁၇) ကြိမ်မြောက် အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင် Mr. Chatou-long Bouasisavath နှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်း ဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင် Mr. Dato Zainuddin Yahya တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးအတွင်း အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်များသည် ဗီယက်နမ်မဟာဗျူဟာလေ့လာရေးနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစင်တာနှင့် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာမှု ညှိနှိုင်းဆောင်ရွက်ရေးဗဟိုဌာနမှ ကိုယ်စားလှယ်များနှင့် မျက်နှာစုံညီဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ကိုယ်စားလှယ်များက ၎င်းတို့ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ၊ အာဆီယံအသိုက်အဝန်း (၂၀၄၅) အား ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပံ့ပိုးဆောင်ရွက်နိုင်သည့် ကိစ္စရပ်များနှင့် အကြံပြုချက်များကို တင်ပြခဲ့ကြသည်။ သက်ဆိုင်ရာကိုယ်စားလှယ်များ၏ တင်ပြအကြံပြုချက်များနှင့် ဆွေးနွေးမှုများအပေါ် အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံ(၂၀၂၅) အား ပြန်လည်သုံးသပ်ခြင်းနှင့် အာဆီယံမျှော်မှန်းချက် (၂၀၄၅) ဆိုင်ရာ ဒေသတွင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ရာ ဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှု-ယဉ်ကျေးမှု၊ ဒေသတွင်း ဆက်သွယ်ရေးဆိုင်ရာ မဟာဗျူဟာများနှင့် အာဆီယံပေါင်းစည်းရေး ကနဦးအစီအစဉ်တို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် (၂၀၄၅) နှင့် မဟာဗျူဟာစီမံချက်များ ရေးဆွဲရေးလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ကဏ္ဍစုံပါဝင်နေသည့်ကိစ္စရပ်များအပေါ် မဏ္ဍိုင် သုံးခုအောက်ရှိ ကဏ္ဍအလိုက်အဖွဲ့အစည်းများအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် တက်ရောက်လာသူများနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်၊ ဒုတိယဝန်ကြီးက အာဆီယံအသိုက်အဝန်း(၂၀၄၅)၏ မဟာဗျူဟာစီမံကိန်းများကို အကောင်အထည်ဖော်သည့်အခါ အာဆီယံနိုင်ငံအသီးသီး၌ရှိသော အမျိုးသားစီမံကိန်းများနှင့် ဦးစားပေးအစီအစဉ်များအား ဒေသဆိုင်ရာ လုပ်ငန်းစီမံချက်များနှင့် ဟန်ချက်ညီညီ ချိတ်ဆက်အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း၊ စီမံကိန်းများတွင် အာဆီယံနိုင်ငံအားလုံး တန်းတူညီမျှပါဝင်ဆောင်ရွက်နိုင်ရေးနှင့် ခွဲခြားမှုမရှိစေရေးမှာလည်း အလွန်အရေးကြီးကြောင်း၊ အာဆီယံ၏ စီမံကိန်းအများစုမှာ ပြင်ပမိတ်ဖက်နိုင်ငံများ၏ အထောက်အပံ့ဖြင့် အကောင်အထည်ဖော်မှုများ ရှိကြောင်း၊ အာဆီယံ၏ စံနှုန်းများဖြစ်သည့် စုစည်းညီညွတ်မှု၊ တန်းတူညီတူရှိမှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် "အာဆီယံဗဟိုကျမှု"ကို အာဆီယံဦးဆောင်သည့် ယန္တရားများတွင် သာမက အာဆီယံအတွင်း၌ပါ ပိုမိုကျစ်လျစ်ခိုင်မာစွာ မြှင့်တင်ဖော်ဆောင်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေး၏ ရလဒ်များအနေဖြင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် (၂၀၄၅)၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း မဟာဗျူဟာစီမံချက်အား တတိယအကြိမ် ဖတ်ကြားဆွေးနွေးမှုကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် လာမည့် (၁၈)ကြိမ်မြောက်နှင့် (၁၉)ကြိမ်မြောက် အစည်းအဝေးတို့တွင် အပြီးသတ်ညှိနှိုင်းရေးဆွဲသွားရန်၊ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် (၂၀၄၅) အား အကောင်အထည်ဖော်မည့် အာဆီယံမဏ္ဍိုင် သုံးရပ်နှင့် အာဆီယံပေါင်းစပ်ဆက်သွယ်မှု မဟာဗျူဟာစီမံချက်များကို ၂၀၂၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အချိန်မီအတည်ပြုနိုင်ရေးအတွက် ရေးဆွဲဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လာမည့်ရက်များအတွင်း အီရန်က အီရတ်ရှိပြည်သူ့စစ်များမှတစ်ဆင့် အစ္စရေးကို တိုက်ခိုက်နိုင်ခြေရှိဟုဆို

**ဂျေရုဆလင် နိုဝင်ဘာ ၂**

အီရန်က လာမည့်ရက်များအတွင်း အစ္စရေးကို တိုက်ခိုက်နိုင်ခြေရှိကြောင်း အစ္စရေးသတင်း အရင်းအမြစ်များက ပြောသည်။

အီရန်နှင့် အစ္စရေးတို့သည် မကြာသေးမီက တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများ ဆက်တိုက်လုပ်ဆောင်ခဲ့ကြသည်။

အိမ်နီးချင်းအီရတ်နိုင်ငံရှိ အီရန်လိုလားသည့် ပြည်သူ့စစ်များမှတစ်ဆင့် ယင်းတိုက်ခိုက်မှုကို လုပ်ဆောင်လာနိုင်ကြောင်း အမေရိကန်သတင်းဝက်ဘ်ဆိုက် Axios က အောက်တိုဘာ ၃၁ ရက်တွင် ဖော်ပြသည်။ တိုက်ခိုက်မှုတွင် ဒရုန်းနှင့်ပဲ့ထိန်းဒုံးကျည်အမြောက်အမြား ပါဝင်ဖွယ်ရှိကြောင်း၊ နိုဝင်ဘာ ၅ ရက်တွင် အမေရိကန်သမ္မတရွေးကောက်ပွဲပြီးနောက် တိုက်ခိုက်မှုလုပ်ဆောင်နိုင်ခြေရှိကြောင်း အီရန်တာဝန်ရှိသူများ၏ ပြောကြားချက်ကို နယူးယောက်တိုင်းမ်က ကိုးကားဖော်ပြသည်။

ယင်းတိုက်ခိုက်မှုမှာ ပြီးခဲ့သည့်သီတင်းပတ်က အီရန်စစ်ဘက်ဆိုင်ရာ အဆောက်အအုံများ တိုက်ခိုက်ခံရမှုနှင့်ပတ်သက်ပြီး အစ္စရေးလေကြောင်းတိုက်ခိုက်မှုကို လက်တုံ့ပြန်တိုက်ခိုက်ခြင်း ဖြစ်နိုင်သည်ဟု ဆိုသည်။ ယင်းတိုက်ခိုက်မှု မတိုင်မီ အောက်တိုဘာ ၁ ရက်တွင် အီရန်က အစ္စရေးကို အကြီးစား ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။

အစ္စလာမ့်စ်တော်လှန်ရေး အစောင့်တပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ် ဟော့ဆိန်းဆလာမီသည် အောက်တိုဘာ ၃၁ ရက်က ၎င်း၏ မိန့်ခွန်းတွင် အစ္စရေးအနေဖြင့် မမျှော်မှန်းထားလောက်သော တုံ့ပြန်မှုမျိုးကို ကြုံတွေ့ရလိမ့်မည်ဟု ပြောကြားလိုက်သည်။ ယင်းနေ့တွင်ပင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အစ္စရေးနိုင်ငံတွင် အီရန်နိုင်ငံ၏ မည်သည့်နေရာဒေသကိုမဆို ရောက်ရှိနိုင်သည့် စွမ်းဆောင်ရည်ရှိကြောင်း ပြောကြားကာ သတိပေးချက် ထုတ်ပြန်ခဲ့သည်။




**အင်န်အိတ်ချ်ကေ**

# ဆားဘီးယားနိုင်ငံ၌ ရထားဘူတာရုံအမိုးပြိုကျမှုကြောင့် ၁၃ ဦး သေဆုံး

**ဘယ်လ်ဂရိတ် နိုဝင်ဘာ ၂**

ဆားဘီးယားနိုင်ငံ နိုဗီဆတ်ဒ် ရထားဘူတာရုံ၌ နိုဝင်ဘာ ၁ ရက်က အမိုးပြိုကျမှုဖြစ်ပွားခဲ့ရာ ၁၃ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဆားဘီးယားပြည်ထဲရေး ဝန်ကြီး အင်ဗစ်ဆာဒါဆစ်က ပြည်တွင်းမီဒီယာတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဖြစ်ရပ်မှ သုံးဦးကို ကယ်တင်နိုင်ခဲ့ပြီး ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ၎င်းက ပြောသည်။ အမျိုးသမီး နှစ်ဦးမှာ အပျက်အစီးများ အောက်တွင် ပိတ်မိနေကြောင်း၊ ကယ်ဆယ်ရေးသမားများနှင့် အဆက်အသွယ်ရရှိပြီဖြစ်ကြောင်း သိရသည်။

အရေးပေါ် ကယ်ဆယ်ရေး လုပ်သားများမှာ မိနစ်အနည်းငယ်အတွင်း အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိခဲ့ပြီး မြို့ပေါင်းများစွာမှ ကယ်ဆယ်ရေးလုပ်သား ၈၀ ကျော် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည်။ နိုဝင်ဘာ ၁ ရက် မွန်းလွဲပိုင်းက အခင်းဖြစ်ပွားမှုကြောင့် သေဆုံးသူ ရှစ်ဦးရှိကြောင်း ဆားဘီးယားအစိုးရက ကနဦး သတင်းဖော်ပြခဲ့သည်။ သို့သော်လည်း ကယ်ဆယ်ရေးလုပ်သားများက နောက်ထပ် သေဆုံးသူ ငါးဦး ထပ်မံတွေ့ရှိခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများ အပြီးတွင် အခင်းဖြစ်ပွားမှုအတွက် မည်သူ့တွင် တာဝန်ရှိကြောင်း သိရှိရန် စုံစမ်းစစ်ဆေးရေး ဆက်လက်လုပ်ဆောင်သွားမည်ဟု ပြည်ထဲရေးဝန်ကြီး အင်ဗစ်ဆာဒါဆစ်က ပြောသည်။



ရထားဘူတာရုံခေါင်မိုးပြိုကျရာနေရာ၌ ကယ်ဆယ်ရေးလုပ်သားများကို တွေ့ရစဉ်။

**ဆင်ဟွာ**

# အစ္စရေးနိုင်ငံမြောက်ပိုင်း၌ ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရမှုကြောင့် ထိုင်းနိုင်ငံသား လေးဦးသေဆုံး

### ပဋိပက္ခဖြစ်ပွားချိန်မှစ၍ ထိုင်းနိုင်ငံသား ၄၆ ဦး သေဆုံး

**ဘန်ကောက် နိုဝင်ဘာ ၂**

အစ္စရေးနိုင်ငံမြောက်ပိုင်း၌ ဟစ်ဇ်ဘိုလာတို့၏ ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အောက်တိုဘာ ၃၁ ရက်က ထိုင်းနိုင်ငံသား လေးဦးသေဆုံးခဲ့သည်ဟု ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

လက်ဘနွန်အခြေစိုက် ရှီးယိုက်မွတ်စလင်အုပ်စု ဖြစ်သည့် ဟစ်ဇ်ဘိုလာက အစ္စရေးနိုင်ငံရှိ စိုက်ပျိုးရေးဧရိယာတစ်ခုကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နိုင်ငံခြားသား အလုပ်သမားများ အပါအဝင် ခုနစ်ဦးသေဆုံးခဲ့ကြောင်း အစ္စရေးမီဒီယာတွင် အစောပိုင်းက ဖော်ပြခဲ့သည်။ ဟားမားစ်တို့နှင့် ချစ်ကြည်ရင်းနှီးမှုကို ပြသသည့်အနေဖြင့် ဟစ်ဇ်ဘိုလာအုပ်စုသည် အစ္စရေးဘက်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်သည်။

အစ္စရေးနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် ထိုင်းနိုင်ငံသား ပေါင်း ၃၀၀၀၀ ခန့်ရှိပြီး အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် လုပ်ကိုင်နေကြသူများဖြစ်သည်။ လွန်ခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက အစ္စရေးနိုင်ငံကို ဟားမားစ်တို့ ဝင်ရောက်တိုက်ခိုက်သည့်အချိန်မှစတင်ကာ ထိုင်းနိုင်ငံသား ၄၆ ဦးသေဆုံးပြီးဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ ထိုင်းနိုင်ငံသား ခြောက်ဦးမှာလည်း ဟားမားစ်အုပ်စု၏ ဓားစားခံအဖြစ် ဖမ်းဆီးခံထားရသည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးနိုင်ငံ၌ ကုလသမဂ္ဂအေဂျင်စီကို ပိတ်ပင်တားမြစ်မှုနှင့်ပတ်သက်ပြီး ဂါဇာဒေသခံများ စိုးရိမ်

**ဂါဇာ နိုဝင်ဘာ ၂**

ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီကို နိုင်ငံအတွင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု တားမြစ်လိုက်သော ဥပဒေတစ်ရပ်ကို အောက်တိုဘာ ၂၈ ရက်တွင် အစ္စရေးလွှတ်တော်က အတည်ပြုလိုက်ပြီးနောက် ဂါဇာကမ်းမြောင်ဒေသခံများ အလွန်အမင်း စိုးရိမ်လျက်ရှိသည်။

အဆိုပါ ဆုံးဖြတ်ချက်သည် ဂါဇာကမ်းမြောင်ရှိ ကုလသမဂ္ဂအေဂျင်စီ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားမှုများကို အဟန့်အတားဖြစ်စေနိုင်သည်။ အင်န်အိတ်ချ်ကေသတင်းဌာနက ရိုက်ယူထားသော ရုပ်သံဖိုင်တစ်ခု၌ ဂါဇာကမ်းမြောင်တောင်ပိုင်း ခန်းယူနစ်မြို့ရှိ အေဂျင်စီကျန်းမာရေးစင်တာတစ်ခုတွင် ဆေးစစ်မှုများ ခံယူရန် ဒေသခံအများအပြား တန်းစီစောင့်ဆိုင်းနေသည်ကို တွေ့ရသည်။

တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု ပိုမိုဆိုးရွားလာသည့်အတွက် ဒေသခံအများအပြားမှာ ကူးစက်ရောဂါများ ဖြစ်ပွားလျက်ရှိကြောင်း၊ ထို့ပြင် ဆေးဝါးလိုအပ်ချက်မြင့်မားနေသော်လည်း ဖြန့်ဝေမှုပိုင်းတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားလျက်ရှိကြောင်း ကုလသမဂ္ဂအေဂျင်စီမှ တာဝန်ရှိသူများက ပြောသည်။

ဆေးဝါးအမျိုးအစား ၅၀ ကျော်မှာ ယခုလအစောပိုင်းတွင် ပြတ်တောက်သွားနိုင်ကြောင်း၊ ဂါဇာကမ်းမြောင်တွင် အစ္စရေးတပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ပြည်တွင်းနေရပ်စွန့်ခွာသူပေါင်း ၁ ဒသမ ၉ သန်းထက်မနည်းရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# လက်ဘနွန်တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ၆၉ ဦး သေဆုံး၊ ၁၂၆ ဦး ဒဏ်ရာရ

**ဘေရွတ် နိုဝင်ဘာ ၂**

လက်ဘနွန် အရှေ့ပိုင်းနှင့် တောင်ပိုင်း၌ နိုဝင်ဘာ ၁ ရက်နှင့် ၂ရက်တို့တွင် အစ္စရေးလေကြောင်း တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၆၉ ဦး သေဆုံးခဲ့ပြီး အခြား ၁၂၆ ဦး ဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

လက်ဘနွန် အရှေ့ပိုင်းရှိ ဘယ်လ်ဘက်-ဟာမယ် အုပ်ချုပ်မှုနယ်မြေတွင် အစ္စရေးလေကြောင်း တိုက်ခိုက်မှုများကြောင့် ၅၂ ဦး သေဆုံးပြီး ၇၂ ဦး ဒဏ်ရာရရှိကြောင်း ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာန လက်အောက်ရှိ ပြည်သူ့ကျန်းမာရေး အရေးပေါ် စင်တာက ပြောသည်။

နိုဝင်ဘာ ၂ ရက်တွင်လည်း လက်ဘနွန် တောင်ပိုင်း၌ အစ္စရေးတို့၏ တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ခဲ့ပြီး အနည်းဆုံး ၁၇ ဦး သေဆုံးကာ ၅၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာန တိုင်ရာခရိုင် ဆေးဘက်ဆိုင်ရာဌာန၏ အကြီးအကဲ ဝစ်ဆမ်ဂါဇယ်က ပြောသည်။

လက်ဘနွန် ဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်စောင်တွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း လက်ဘနွန်တောင်ပိုင်း နာဘာတီ၊ ဘေရွတ်တောင်ပိုင်း ဆင်ခြေဖုံး ရပ်ကွက်နှင့် ဘယ်လ်ဘက်ဒေသများတွင် လေကြောင်းတိုက်ခိုက်မှု ၁၂၀ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဟစ်ဇ်ဘိုလာအဖွဲ့၏ တိုက်ခိုက်ရေးသမားများသည် အစ္စရေး တပ်ဖွဲ့ အများအပြားကို တိုက်ခိုက်ခဲ့ပြီး အသေခံမောင်းသူမဲ့ လေယာဉ်များနှင့် ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း နိုဝင်ဘာ ၂ ရက်က ထုတ်ပြန်ကြေညာသည်။

**ဆင်ဟွာ**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကောင်စီနယ်မြေအတွင်း လုပ်ငန်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအနီး ပင်လောင်းလမ်းဆုံမှ ကျောက်ချက်ကျေးရွာအထိ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲ/ယာရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရေပေးရေးစက်ရုံသို့သွားရောက်၍ နေပြည်တော်အတွင်း သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် ချောင်းမငယ်ဆည်မှရေကို ဆင်အုံကန်မှတစ်ဆင့် ထပ်တိုးရယူရန် အကောင်အထည်ဖော်တည်ဆောက်မည့် စီမံကိန်းလုပ်ငန်း လျာထားမှုများကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းအစီအမံများကို ရေရှည်မျှော်မှန်းပြီး စနစ်တကျရေးဆွဲဆောင်ရွက်ထားရှိရန်နှင့် ယခုတိုးချဲ့ရေပေးရေးစီမံကိန်းသည် စိုက်ပျိုးရေးအတွက် အဓိကတည်ဆောက်ထားသော ချောင်းမငယ်ဆည်မှရေကို မျှဝေသုံးစွဲရသည့်အတွက် မိုးနည်းပါးသည့်နှစ်များတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရန် မှာကြားသည်။

ယင်းနောက် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် သုခတော်ဝင်အိမ်ရာစီမံကိန်းအပိုင်း(၂) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ရေးမြို့နယ်၌ စုပေါင်းလုပ်အားဒါနပြုခြင်းများဆောင်ရွက်

**ရေး နိုဝင်ဘာ ၂**

(၃၆) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်နယ်ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများစုပေါင်းကာ ယနေ့နံနက်ပိုင်းက ရေးမြို့ သီရိနန္ဒာရပ်ကွက် တပလ္လင်နှစ်ဆူ ဘုရားဝင်းအတွင်း၌ အများပြည်သူတို့စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ရေး စုပေါင်းလုပ်အားဒါနပြု သန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ခဲ့ကြသည်။



စုပေါင်းလုပ်အားဒါနပြုလုပ်ရာတွင် တပ်နယ်မှူးဗိုလ်မှူးကြီးကောင်းဇော်မြင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းမင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး(မြို့ပြ)အဖွဲ့များ၊ ပရဟိတအဖွဲ့များ စုစုပေါင်းအင်အား ၂၅၀ တို့က စေတီတော်မြတ်ကြီး ရင်ပြင်တော်သန့်ရှင်းရေး အညစ်အကြေးများ ဆေးကြောခြင်း၊ တံမြက်စည်းလှည်းခြင်း၊ အရံစေတီများနှင့် အာရုံခံဝတ်များရှိ ရုပ်ပွားတော်များ ရောင်တော်ဖွင့်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း စသည့် စေတီတော်မြတ်ကြီးအား သန့်ရှင်းသပ္ပာယ် ကြည်ညိုစွာ အဖူးမြော်ခံနိုင်ရေး စုပေါင်းလုပ်အားဒါန ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့်အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

## ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိဇံမွေးမြူရေးဇုန် ကျောက်ချောလမ်းသစ်များဖွင့်

**ဘားအံ နိုဝင်ဘာ ၂**

(၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မိဇံမွေးမြူရေးဇုန် ကျောက်ချောလမ်းသစ်များဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက်က အဆိုပါကျောက်ချောလမ်းသစ်များမုခ်ဦး၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၅၇၁ ဒသမ ၄၅၂ သန်းဖြင့် ဖွဲ့ကပင်မေမေကုမ္ပဏီ၊ ငွေကမ္ဘာအောင်ကုမ္ပဏီ၊ သပြေသုခကုမ္ပဏီ၊ ကောင်းမြတ်အောင်ကျော်ကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်သော မိဇံမွေးမြူရေးဇုန်ပင်မအဝင်လမ်း၊ ဇုန်အတွင်းလမ်း၊ ဇုန်ပတ်လမ်း ကျောက်ချောလမ်းသစ်များ ၄ မိုင် ၅ ဒသမ ၄ ဖာလုံနှင့် ကွန်ကရစ်တံတားတစ်စင်း အကျယ်ချဲ့ခြင်းတို့ကို



ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** မိဇံမွေးမြူရေးဇုန်အတွင်း ကျောက်ချောလမ်းသစ်များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် ကျောက်ချောလမ်းသစ်များဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က မိဇံမွေးမြူရေးဇုန်အတွင်း ဝက်နှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိပြီး လမ်းများကို ကွန်ရက်များသဖွယ်ချိတ်ဆက်ထားခြင်းကြောင့် သွားရေးလာရေးလွယ်ကူပြီး မွေးမြူရေးထုတ်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့လျင်မြန်စွာပို့ဆောင်နိုင်သည့် ပြည်နယ်၏ အဓိကမွေးမြူဇုန်ကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ပြောကြားပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစောကျော်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကျေးလက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိဇံမွေးမြူရေးဇုန်အတွင်း တောင်သူဦးစောကပေါ်ထူး၏ ဝက်ကောင်ရေ(၁၀၀)မွေးမြူရေးခြံ၊ Yoon Sa Lin Goat MZ-Farm ၏ ဆိတ်ကောင်ရေ ၁၅၀ မွေးမြူရေးခြံတို့ကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဂျပန်ကုမ္ပဏီ ၄၃၀ ကျော်က မြန်မာလုပ်သား ၁၄၀၀ ဝန်းကျင်ခေါ်ယူမည်

**ရန်ကုန် နိုဝင်ဘာ ၂**

ဂျပန်ကုမ္ပဏီ ၄၃၀ ကျော်က မြန်မာလုပ်သား ၁၄၀၀ ဝန်းကျင် ခေါ်ယူမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အလုပ်ကမ်းလှမ်းစာစာရင်းများ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်အရ မြန်မာသံရုံးအနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာ (Demand Letter) များကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ စိစစ်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်းအထောက်အထားများ စိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ပြန်လည်ပေးပို့လျက်ရှိကြောင်း ပါရှိသည်။

မြန်မာသံရုံးအနေဖြင့် Dema-nd Letter များကို ဂျပန်ကုမ္ပဏီများထံမှ ပြန်ကြားစာ လက်ခံရရှိသည့် ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၁ ရက်အထိ လက်ခံရရှိ၍ စိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၃၁ ခုနှင့် ပတ်သက်သည့် အချက်အလက်များကို အသိပေးထုတ်ပြန်အပ်ကြောင်း ဖော်ပြပါရှိသည်။

အဆိုပါ ထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၄၃၀ ကျော်က မြန်မာလုပ်သားအမျိုးသား ၃၀၀ ကျော်၊ အမျိုးသမီး ၁၀၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း အလုပ်ကမ်းလှမ်းစာများနှင့် ပတ်သက်သည့် အချက်အလက်များအရ သိရသည်။ ပြီးခဲ့သည့် အောက်တိုဘာ ၁၅ ရက်ကလည်း ဂျပန်ကုမ္ပဏီ ၄၀၀ ကျော်က မြန်မာလုပ်သား ၁၄၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အလုပ်ကမ်းလှမ်းစာများ ထုတ်ပြန်ချက်အရ သိရသည်။ **MT**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

◆ *ကျောဖုံးမှ*

ယာဉ်အပိုပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ နိုဝင်ဘာ ၁ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၀၄၉၅၁၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၁ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truk တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ အင်းဝင်(၂)လမ်း နန်းတော်ရာ ရပ်ကွက်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၆၀၆ တန်၊ သစ်မာ ၄ ဒသမ ၃၅၇ တန်၊ အခြားသစ် ၁ ဒသမ ၀၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၉၈၉၅)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၃၉၈၉၅ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။ အောက်တိုဘာ ၃၀ ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၈၄၃၅၀၁၅)ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် လုပ်ငန်းသုံးပစ္စည်းများ တရားမဝင် တင်သွင်းလာသည်ကို တွေ့ရှိရပြီး ထိုကဲ့သို့ တရားမဝင်ပစ္စည်းများ တင်သွင်းလာမှုကြောင့် တရားဝင်တင်သွင်းသည့် လုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာမှုဖြစ်စေခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းစေခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**







ပဲခူးတိုင်း ဒေသကြီး၌ ဖမ်းဆီးရမိမှု။

❊ *ကျောဖုံးမှ*

ဖိအားများနှင့် ရင်ဆိုင်ခဲ့ရပြီဖြစ်သည်။

### အရေးပါသည့်နိုင်ပွဲ

နယူးကာဆယ် အသင်းက အာဆင်နယ်အသင်း၏ထိုးဖောက်တိုက်စစ်ဆင်မှုများကို ပွဲချိန်အများစု ခုခံကာကွယ်ခဲ့ရသော်လည်း အရေးပါသည့်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

နယူးကာဆယ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ရမှတ် ၁၅ မှတ် ရှိလာပြီဖြစ်သည်။

### အခြားပွဲစဉ်ရလဒ်များ

ည ၉ နာရီခွဲတွင် ယှဉ်ပြိုင်သည့် အခြားပွဲစဉ်များတွင် ဘုန်းမောက်က မန်စီးတီး ကို နှစ်ဂိုး - တစ်ဂိုးဖြင့် နိုင်ပြီး လီဗာပူးက ဘရိုက်တန်ကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရသည်။ နော့တင်ဟမ်ဖောရက်စ် က ဝက်စ်ဟမ်းကို သုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ရကာ ဆောက်သမ်တန်က အဲဗာတန် ကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရသည်။ အစ်ဆွစ်ချ်နှင့် လက်စတာပွဲမှာ တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ **အောင်ဇော်**

# မမျှော်မှန်းနိုင်တာတွေအတွက် ကြိုတင်မြော်တွေးပြင်ဆင်

**မောင်မောင်လင်း**

ဘဝမှာ လူတိုင်းကတော့ အကောင်းဆုံး ဖြစ်လာမယ်လို့ မျှော်မှန်းပြီး ပြင်ဆင်ထားလေ့ရှိကြပါတယ်။ ဒါပေမယ့် လူ့ဘဝမှာ မမျှော်လင့်တာတွေလည်း အများကြီးဖြစ်လာတတ်ပါတယ်။ အဲဒီလို အခါမျိုးမှာ စိတ်ပျက်အားမလျှော့လိုက်ဘဲ ဖြစ်လာတဲ့ အခြေအနေအပေါ် မူတည်ပြီး အကောင်းဆုံးကို လုပ်သွားရမှာဖြစ်ပါတယ်။ ဆေးစက်ကျရာ အရုပ်ထင်ရမယ်ဆိုသလိုမျိုးပဲ ဘယ်လိုမှဖြစ်လာစရာ မရှိဘူးလို့ မျှော်မှန်းထားတာတွေ ဖြစ်ပွားလာခဲ့ရင်လည်း ရင်ဆိုင်နိုင်ဖို့နဲ့ အသင့်ရှိနေဖို့ ကြိုတင်မြော်တွေးထားရပါမယ်။ ဒါမျိုးကို Expect-the-Unexpected ဆိုပြီး သုံးနှုန်းလေ့ရှိပါတယ်။

အဲဒီလိုမျိုး မမျှော်လင့်ဘဲကြုံတွေ့လာရမယ့် အရာတွေ၊ မျှော်မှန်းထားခြင်းမရှိတဲ့ အဖြစ်အပျက်တွေကို အဆင်ပြေစွာနဲ့ လက်ခံနိုင်ဖို့ အသင့်ဖြစ်နေဖို့ရယ်၊ အကယ်၍များ အန္တရာယ်တွေနဲ့တောင် ကြုံတွေ့ဖွယ်ရှိလာခဲ့ရင် ကြိုတင်ပြင်ဆင်ထားနိုင်ဖို့အတွက် စံနမူနာတစ်ခုနဲ့ မိတ်ဆက်ပေးလိုပါတယ်။

**RUMSFELD Matrix ဆိုရာဝယ်**

ဒါကတော့ ကြုံတွေ့လာဖွယ်ရှိတာတွေကို ပိုမိုထိရောက်စွာ ခွဲခြမ်းစိတ်ဖြာရာမှာ အသုံးဝင်တဲ့ RUMSFELD ဆိုတဲ့ မက်ထရစ်တစ်ခု ဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဂျော့ချ် ဒဗလျူဘုရှ် လက်ထက်က ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ Donald Rumsfeld အသုံးပြုခဲ့တဲ့ စံနမူနာတစ်ခု ဖြစ်ပါတယ်။ အန္တရာယ်ခွဲခြမ်းစိတ်ဖြာမှုတွေမှာ ကြိမ်ဖန်များစွာ အမှားအယွင်းပြုလုပ်ခဲ့တဲ့ သူ့ရဲ့နည်းလမ်းဖြစ်နေတာကလည်း ပိုပြီး စိတ်ဝင်စားစရာကောင်းနေပါတယ်။

၂၀၀၂ ခုနှစ်တုန်းက သတင်းစာရှင်းလင်းပွဲတစ်ခုမှာ အီရတ်နိုင်ငံကို အကြမ်းဖက်သမားတွေ ခြေကုပ်ယူထားနိုင်ခြင်း ရှိ၊ မရှိနဲ့ ပတ်သက်ပြီး သတင်းထောက်တစ်ဦးရဲ့ မေးခွန်းကို ဖြေကြားရာမှာ အသုံးပြုခဲ့တဲ့ စံနမူနာပဲ ဖြစ်ပါတယ်။ သူ့ရဲ့ ဖြေကြားမှုကတော့ အသေအချာသိပြီးဖြစ်မှု (Known) နဲ့ မသိထားမှု (Unknown) ဆိုတာတွေကြောင့် အန္တရာယ်ရဲ့နယ်ပယ်လေးခုရှိတဲ့ မက်ထရစ်ထွက်ပေါ်လာမယ်။ အဲဒါတွေကတော့-

(က) **သိရမယ့်အရာတွေကို သိရှိထားမှု (Known Knowns)။** ။ ကျရောက်လာမယ့်အန္တရာယ်ကို သိထားတာကြောင့် ကြိုတင်ကာကွယ် တားဆီးထားရှိတာမျိုး။ ဥပမာအားဖြင့် အိမ်ဖောက်ထွင်းမခံရအောင် လုံခြုံရေးစနစ် တပ်ဆင်ရမှာဖြစ်ပါတယ်။ နောက်ဥပမာတစ်ခုကတော့ ကုန်ကြမ်းပြတ်လပ်မှု ဖြစ်ပေါ်နိုင်တာကို ကြိုတင်ခန့်မှန်းနိုင်တဲ့ ကုမ္ပဏီတစ်ခုဟာ ကုန်ထုတ်လုပ်မှုအစီအမံ မထိခိုက်စေဖို့အတွက် လိုအပ်တဲ့ပစ္စည်းတွေကို ကြိုပြီး ဖြည့်ဆည်းထားတာမျိုးနဲ့ ဖြစ်လာမယ့်အန္တရာယ်ကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ ဒီလိုမျိုးပဲ သဘာဝဘေးအန္တရာယ်ကျရောက်လာခဲ့ရင် တုံ့ပြန်နိုင်ဖို့အတွက် ကြိုတင်ကာကွယ်တားဆီးရေး အစီအမံရေးဆွဲထားတာမျိုး ဖြစ်ပါတယ်။

(ခ) **မသိနိုင်တာတွေကို သိရှိထားမှု (Known Unknowns)။** ။ အန္တရာယ်တစ်ခုခုကျရောက်လာမယ်ဆိုတာ သိပေမယ့် အတိအကျတော့ ခန့်မှန်းနိုင်ခြင်းမရှိတာမျိုး၊ ကြိုမမြင်နိုင်တဲ့ အန္တရာယ်တွေပဲ ဖြစ်ပါတယ်။ ဥပမာအားဖြင့် စတော့ရှယ်ယာဈေးကွက်ဟာ ရံဖန်ရံခါ ပျက်သွားတတ်တာကို လူတိုင်းနီးပါး သိနေပေမယ့်လည်း ဘယ်အချိန်မှာ ဘယ်လောက်အထိ ပျက်သွားမလဲ ဆိုတာကိုတော့ ဘယ်သူမှ အတိအကျ မခန့်မှန်းနိုင်တာမျိုးဖြစ်ပါတယ်။ နောက်ဥပမာတစ်ခုကတော့ E-commerce Company တစ်ခုအနေနဲ့ အွန်လိုင်းဈေးကွက်ဟာ အားလပ်ရက်ရာသီမှာ ရုတ်ခြည်း အရောင်းတက်နိုင်တာကို သိထားပေမယ့် ဘယ်လိုကြိုတင်ပြင်ဆင်ထားရမလဲဆိုတာကိုတော့ အတိအကျ ခန့်မှန်းတွက်ချက်နိုင်စွမ်း မရှိတာမျိုး ဖြစ်ပါတယ်။ ဒီလိုမျိုးပဲ မုတ်သုံရာသီမှာ မိုးကြီးနိုင်တဲ့အပေါ် မျှော်မှန်းထားပေမယ့် မထင်မှတ်ထားလောက်အောင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ရုတ်ခြည်းဖြစ်ပေါ်တာမျိုး၊ ဥပမာအားဖြင့် တိုင်ဖွန်းမုန်တိုင်းရာဂီကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်မျိုးနဲ့ ဘောရစ်စ်မုန်တိုင်းကြောင့် အလယ်ဥရောပနိုင်ငံတွေရဲ့ ဖြစ်စဉ်တွေပဲ ဖြစ်ပါတယ်။

**“မမျှော်မှန်းထားဘဲ ဖြစ်ပွားလာတဲ့ကိစ္စရပ်တွေအပေါ် ခန့်မှန်းတွက်ဆထားနိုင်ခြင်းမျိုးနဲ့ ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်မှုကိုဖော်ထုတ်ပြီး ကာကွယ်တားဆီးရေးအစီအမံတွေကို ကြိုတင်ရေးဆွဲထားနိုင်တာကြောင့် ကျွန်တော်တို့ဟာ ကိုယ်ခံစွမ်းအားကောင်းကောင်းနဲ့ အကောင်းဆုံးရင်ဆိုင်တုံ့ပြန်နိုင်မှာ ဖြစ်ပါတယ်။ အနာဂတ်မှာ ဖြစ်ပွားလာနိုင်တဲ့ အရာအားလုံးအတွက် လုံးဝဥဿုံ ခန့်မှန်းတွက်ချက်နိုင်ခြင်းမရှိပေမယ့်လည်း မသေချာမရေရာမှုနဲ့ စွန့်စားရမှုအပေါ် စဉ်းစားချင့်ချိန်တွက်ချက်တဲ့နေရာမှာ အဲဒီမိုဒယ်တွေက အထောက်အပံ့များစွာ ဖြစ်စေနိုင်”**

(ဂ) **သိရမယ့်အရာတွေကို မသိမှု (Unknown Knowns)။** ။ အန္တရာယ်တစ်ခုခုကျရောက်မယ်ဆိုတာကို သိနိုင်ရက်နဲ့ အလေးမမူတာမျိုးကြောင့် ဂရုမမူမိတဲ့အပိုင်းကနေ ဘေးအန္တရာယ်ကြုံတွေ့လိုက်ရတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဥပမာအားဖြင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဟာ ဈေးကွက်ကြီးတစ်ခုလုံးပျက်စီးသွားစေနိုင်လောက်တဲ့ စီးပွားရေးပူဖောင်းသဖွယ် ဖြစ်လာနေတာမျိုးကို ဂရုမပြုမိခဲ့တာမျိုး။ နောက်ထပ်ဥပမာတစ်ခုကတော့ ဒီဇိုင်းပိုင်းမှာ ချွတ်ယွင်းချက်ရှိနေတာကိုမသိဘဲ ထုတ်ကုန်အသစ်တစ်ခုကို ဈေးကွက်တင်လိုက်မိရာက ဈေးကွက်မှာ ပစ္စည်းပြန်လိုက်သိမ်းရတဲ့ အန္တရာယ်နဲ့ ကြုံတွေ့လိုက်ရတာမျိုးတို့ပဲ ဖြစ်ပါတယ်။

(ဃ) **ကြိုတင်ပြီး ဘယ်လိုမှ သိကို မသိနိုင်မှု (Unknown Unknowns)။** ။ ဘယ်လိုအန္တရာယ်မျိုး ကျရောက်မယ်ဆိုတဲ့အပေါ် လုံးဝသိနိုင်ခြင်းမရှိတာမျိုး။ ဥပမာအားဖြင့် ဥက္ကာပျံကျရောက်ပေါက်ကွဲမှုဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားတဲ့အဖွဲ့အစည်းမျိုး ဘယ်လိုလုပ်ရှိနိုင်မှာလဲဆိုတာမျိုး။ နောက်ထပ်ဥပမာတစ်ခုကတော့ ကိုဗစ်-၁၉ ကပ်ဆိုးနဲ့ ကြုံတွေ့လိုက်ရတာမျိုးတို့ပဲ ဖြစ်ပါတယ်။ Donald Rumsfeld နမူနာပေးခဲ့တာကတော့ ၁၉၄၁ ခုနှစ် ပုလဲဆိပ်ကမ်း တိုက်ခိုက်ခြင်းခံခဲ့ရမှုဟာ အမေရိကန်တို့အဖို့ ကြိုတင်ခန့်မှန်းပြင်ဆင်ထားခြင်းမရှိမှုကြောင့် အလစ်အငိုက်ခံလိုက်ရတာလို့ဆိုခဲ့ပြီး အီရတ်ဖြစ်စဉ်ကလည်း အလားတူ ဘယ်လိုမှ ကြိုမမြင်နိုင်တဲ့အန္တရာယ်မျိုး ဖြစ်တယ်လို့ ဖြေကြားခဲ့ပါတယ်။

ဒါကြောင့် အဲဒီမက်ထရစ်ကိုအသုံးပြုပြီး ကြုံတွေ့လာနိုင်ဖွယ်ရှိတဲ့ အန္တရာယ်တွေကို ခန့်မှန်းတွက်ချက်ပြီး လိုအပ်သလို စီမံပြင်ဆင်ဆောင်ရွက်ထားမှုမျိုးနဲ့ တကယ်ဖြစ်လာခဲ့ချိန်မှာ ထိခိုက်ပျက်စီးဆုံးရှုံးမှုနည်းပါးအောင် လုပ်ဆောင်နိုင်စွမ်းရှိပါတယ်။ ဒါပေမယ့် ကာကွယ်တားဆီးနိုင်ဖို့ စနစ်ပုံစံတစ်ခုအတွင်းမှာပဲ ရှုံးနိမ့်ကျဆုံးမှုတွေ ဘယ်လိုဖြစ်ပေါ်လာနိုင်လဲဆိုတာကိုတော့ အနည်းငယ် ထပ်ပြီးရှင်းပြလိုပါတယ်။

**ဆွစ်ဇာလန်ဒိန်ခဲစံနမူနာ (Swiss Cheese Model) ဆိုရာဝယ်**

ဒီ Model အရ အပေါက်သေးသေးလေးတွေပါရှိတဲ့ ဆွစ်ဇာလန်ဒိန်ခဲအချပ်လေးတွေဟာ စနစ်ပုံစံတစ်ခုထဲက အကာအကွယ်ပေးမယ့် အလွှာအသီးသီးကို ကိုယ်စားပြုပြီး အပေါက်တစ်ခုချင်းစီတိုင်းကတော့ ရှုံးနိမ့်ကျဆုံးနိုင်ခြေတစ်ခုခု ဖြစ်ပါတယ်။ မတူညီတဲ့အချပ်တွေရဲ့ အဲဒီအပေါက်တွေများတစ်ထပ်တည်းကျနေခဲ့ရင်တော့ ရှုံးနိမ့်ကျဆုံးမှုတစ်ခုခု ဖြစ်ပွားနိုင်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

ဒီ Model မှာ အချပ်ရေအနည်းဆုံးနှစ်ခုကနေ ခြောက်ခုအထိ ပါရှိနိုင်ပါတယ်။ အတိအကျကတော့ သရုပ်ခွဲဆန်းစစ်ရမယ့် စနစ်ပုံစံအပေါ် မူတည်ပါတယ်။ ယေဘုယျပါရှိမယ့် အလွှာတွေကတော့-

(က) **အဖွဲ့အစည်းအပေါ် လွှမ်းမိုးနေတဲ့ အကြောင်းခြင်းရာများ။** ။ အဲဒီအလွှာမှာ ပါဝင်နေတာတွေကတော့ ကုမ္ပဏီရဲ့ ထုံးဓလေ့၊ ဝန်ထမ်းဖွဲ့စည်းထားမှုပုံစံနဲ့ ဘတ်ဂျက်ဆိုင်ရာ ကန့်သတ်မှု။

(ခ) **လုပ်ထုံးလုပ်နည်းများ။** ။ အဲဒီမှာ ပါဝင်တာတွေကတော့ ဘေးကင်းလုံခြုံမှုအတွက် လိုက်နာလုပ်ဆောင်ဖွယ်ရာတွေ၊ လုပ်ငန်းစနစ်နဲ့ ကြံ့ခိုင်ထိန်းသိမ်းမှု လုပ်ငန်းစဉ်များ စတာတွေပဲ ဖြစ်ပါတယ်။

(ဂ) **နည်းပညာဆိုင်ရာ ဂရုပြုလိုက်နာဖွယ်ရာများ။** ။ စနစ်အတွင်းမှာ အသုံးပြုနေတဲ့ စက်ပစ္စည်းကိရိယာနဲ့ နည်းပညာတွေပဲ ဖြစ်ပါတယ်။

(ဃ) **ကျွမ်းကျင်မှုအခြေပြုအဆင့်။** ။ စနစ်အတွင်းမှာပါဝင်နေတဲ့ လူပုဂ္ဂိုလ်တွေရဲ့ အသိဉာဏ်၊ ကျွမ်းကျင်မှုအရည်အချင်းနဲ့ အတွေ့အကြုံ အစရှိတာတွေပဲ ဖြစ်ပါတယ်။

**“Swiss Cheese Model အရ ဒိန်ခဲအချပ်အလွှာရဲ့အပေါက်တွေ တစ်ထပ်တည်းဖြစ်သွားတဲ့အချိန်မျိုးမှာ ရှုံးနိမ့်ကျဆုံးမှုတစ်ခုခု ဖြစ်ပွားတယ်လို့ ဆိုပါတယ်။ ဥပမာအားဖြင့် ဖွဲ့စည်းပုံစနစ်ရဲ့ အားနည်းမှုလို့ဆိုနိုင်တဲ့ ဆေးရုံတစ်ရုံမှာ သူနာပြုအင်အားလျော့နည်းမှုကြောင့် သူတို့ဟာ ဝန်ပိပြီး အမှားအယွင်းတွေ လုပ်ကိုင်မိရာက ကျွမ်းကျင်မှုအခြေခံဆိုင်ရာပြဿနာတွေ ဖြစ်လာပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ သူနာပြုတွေ လိုက်နာဖို့လိုအပ်တဲ့ လုပ်ထုံးလုပ်နည်းတွေကလည်း မပြည့်မစုံဖြစ်ခဲ့ရင် ဆေးကုသမှုမှားယွင်းတဲ့အထိ ပေါ်ပေါက်လာနိုင်တာမျိုး ဖြစ်ပါတယ်”**

Swiss Cheese Model အရ ဒိန်ခဲအချပ်အလွှာရဲ့ အပေါက်တွေ တစ်ထပ်တည်းဖြစ်သွားတဲ့ အချိန်မျိုးမှာ ရှုံးနိမ့်ကျဆုံးမှုတစ်ခုခု ဖြစ်ပွားတယ်လို့ ဆိုပါတယ်။ ဥပမာအားဖြင့် ဖွဲ့စည်းပုံစနစ်ရဲ့ အားနည်းမှုလို့ဆိုနိုင်တဲ့ ဆေးရုံတစ်ခုမှာ သူနာပြုအင်အားလျော့နည်းမှုကြောင့် သူတို့ဟာ ဝန်ပိပြီး အမှားအယွင်းတွေ လုပ်ကိုင်မိရာက ကျွမ်းကျင်မှုအခြေခံဆိုင်ရာပြဿနာတွေ ဖြစ်လာပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ သူနာပြုတွေ လိုက်နာဖို့လိုအပ်တဲ့ လုပ်ထုံးလုပ်နည်းတွေကလည်း မပြည့်မစုံဖြစ်ခဲ့ရင် ဆေးကုသမှုမှားယွင်းတဲ့အထိ ပေါ်ပေါက်လာနိုင်တာမျိုး ဖြစ်ပါတယ်။

အမှန်တကယ်မှာလည်း ၁၉၇၇ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ဘိုးရင်း ၇၄၇ နှစ်စင်း ပြေးလမ်းပေါ်မှာ တိုက်မိပြီး လူ့အသက်ပေါင်း ၅၈၃ ဦး ဆုံးရှုံးခဲ့ရဖူးပါတယ်။ အဲဒီဖြစ်စဉ်မတိုင်မီ လေယာဉ်မောင်းသူနဲ့ လေကြောင်းထိန်းအကြား ဆက်သွယ်မှုပြတ်တောက်ခြင်းများစွာ ဖြစ်ပေါ်နေခဲ့တယ်။ ဒါကတော့ ဖွဲ့စည်းမှုကဏ္ဍဆိုင်ရာပြဿနာပါ။ အဲဒီလိုဆိုရင် လေယာဉ်ကွင်းရှိ မြေပြင်ရေဒါစနစ်နဲ့ ထိန်းကျောင်းမှုပြုလုပ်ပေးရမယ်ဆိုတဲ့ လုပ်ထုံးလုပ်နည်းလည်း သတ်မှတ်ထားခြင်းမရှိပါဘူး။ လက်တွေ့မြေပြင်မှာလည်း အဲဒီအချိန်မှာ ရေဒါစနစ်က ပျက်နေပါတယ်။ ဒါကတော့ နည်းပညာဆိုင်ရာပြဿနာပါ။ ကျွမ်းကျင်မှုအရည်အသွေးဆိုင်ရာပြဿနာအရလည်း လေယာဉ်တစ်စင်းရဲ့ လေယာဉ်မှူးကြီးဟာ မြေပြင်ထိန်းကျောင်းမောင်းနှင်နေစဉ်အတွင်း မှားယွင်းဆုံးဖြတ်မှုမြောက်မြားစွာ

စာမျက်နှာ ၁၇ သို့

## ဘုတလင်မြို့နယ်၌ မိုးသီးနှံ နှမ်း ၅၃၁၀၂ ဧက စိုက်ပျိုးပြီးစီး၊ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်

**မုံရွာ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ မိုးသီးနှံ နှမ်း ၅၃၁၀၂ ဧက စိုက်ပျိုးပြီးစီး၍ လျာထားဧကထက် ၁၀၃၂ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မိုးနှမ်းများ စိုက်ပျိုးရာတွင် ဆင်းရတနာ- ၃၊ သိပ္ပံနှမ်းနက်၊ ရိုးစိမ်း၊ ရှပ်ကလေးမျိုးများကို အထွက်နှုန်း ကောင်းမွန်ရေး၊ မျိုးကောင်း မျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိပြီး တောင်သူများ မိုးနှမ်းစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ခြင်းများကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကူညီထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။



အဆိုပါ မိုးနှမ်းများကို အောက်တိုဘာ ၁ ရက်မှ စတင်ပြီး ရိတ်သိမ်းလျက်ရှိရာ ယနေ့အချိန်အထိ စိုက်ဧက၏ ၆၃ ရာခိုင်နှုန်းကို ရိတ်သိမ်းပြီးစီးကာ တစ်ဧကပျမ်းမျှ အထွက်နှုန်း ၅ ဒသမ ၅၄ တင်း ထွက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကွမ်းခြံကုန်းမြို့နယ်၌ “ မရှိ၍မလင်းသူ မဖြစ်စေရ”ဆင့်ပွားသင်တန်းအခမ်းအနားဖွင့်လှစ်

**ကွမ်းခြံကုန်း နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော “မရှိ၍ မလင်းသူ မရှိစေရ” ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားပြီး ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမို့မို့ကျော်က “မရှိ၍ မလင်းသူ မဖြစ်စေရ” ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။



အဆိုပါ အခမ်းအနားသို့ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးမြင့်စိန်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြပြီး တက်ရောက်လာသူများက မျက်စိရောဂါနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး မျက်စိနှင့် ပတ်သက်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

## သုံးခွမြို့နယ် ကရင်စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သုံးခွ နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကရင်စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုအောက်တိုဘာ ၃၁ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းချိုနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကရင်စုကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ကရင်စုကျေးရွာရှိ အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ ၈၀၀၊ အကျယ် ၈ ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၇၀ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၂၂၀ ကိုအသုံးပြုကာ အောက်တိုဘာလအတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**UUU**

## ရွှေတောင်၌ မိုးစပါး(ဗီယက်နမ်)မျိုး စပါးစံကွက်ရိတ်သိမ်း



**ရွှေတောင် နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မင်းကွန်းကျေးရွာအုပ်စု တောင်သူ ဦးဇော်ဝင်း၏ မိုးစပါး (ဗီယက်နမ်)စပါးမျိုးလယ်မြေ ၆ ဧကတွင် အောက်တိုဘာ ၃၁ ရက်က မိုးစပါး (ဗီယက်နမ်) စံကွက်ရိတ်သိမ်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေး မွေးမြူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၈၉ ဦးခန့် တက်ရောက်ပြီး တောင်သူ ဦးဇော်ဝင်း၏ မိုးစပါး(ဗီယက်နမ်) စပါးမျိုး တစ်ဧကစံကွက်(ကြီး) ရိတ်သိမ်းခဲ့ရာ အစိုထွက် ၁၄၆ ဒသမ ၀၅ တင်း ထွက်ရှိခဲ့သည်။

ရွှေတောင်မြို့နယ်အနေဖြင့် ယခုနှစ်မိုးစပါးစိုက်ဧက ၅၈၁၆၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဗီယက်နမ်၊ ရက်(၉၀)၊ ရတနာတိုး၊ မော်ဘီ(၂)၊ ကရင်မ စပါးမျိုးနှင့်YSR စပါးမျိုးများ စိုက်ပျိုးခဲ့ကြသည်။

**ကိုကိုမင်း(ပြန် /ဆက်)**



## သထုံမြို့ ရွှေစာရံစေတီတော်မြတ်ကြီးဝင်းအတွင်း သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သထုံ နိုဝင်ဘာ ၂**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်များတွင် မြို့သန့်ရှင်းသာယာရေးအတွက် အပတ်စဉ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂ ရက်က ရွှေစာရံစေတီတော်မြတ်ကြီးဝင်းအတွင်း၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်တို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းကာ စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ စုပေါင်းတံမြက်စည်းလှည်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ရုပ်ပွားတော်များ ရေချိုးတော်ဖွင့်ခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုင်းယန်းမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်းပွဲကျင်းပ

**မိုင်းယန်း နိုဝင်ဘာ ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသံဂဟေဆက်နည်းသင်တန်းဆင်းပွဲကို အောက်တိုဘာ ၃၁ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်လင်းထွန်းက သင်တန်းတွင် ထူးချွန်သူများနှင့် သင်တန်းပြီးဆုံးအောင် တက်ရောက်ခဲ့သည့် သင်တန်းသားများကို အလုပ်အကိုင်များရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ခရိုင်ဦးစီးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများအား ချီးမြှင့်ပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံဂဟေဆက်နည်းသင်တန်းသို့ မိုင်းယန်းမြို့နယ်အတွင်းရှိ ယန်းခိုင် ကျေးရွာ၊ ပန်ဆောင်ကျေးရွာ၊ ခါးခွေဟွေနားကျေးရွာ၊ ဝမ်တောင်းကျေးရွာနှင့် ဝမ်အွိုက်ကျေးရွာတို့မှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သံဂဟေဆက်နည်းပညာအမျိုးမျိုးကို ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သည်အထိ ကျွမ်းကျင်ဆရာများက စာတွေ့၊ လက်တွေ့ ရက်ပေါင်း ၃၀ ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာဘုရား ဘက်စုံမွမ်းမံပြုပြင်မှုကြည့်ရှု

**တောင်ကြီး နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့၌ မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ချုံ၊ နွယ်၊ မြက်များ မရှိစေရေးနှင့် စိုက်ပျိုးထားသောသစ်ပင်များ ရှင်သန်နေမှုတို့ကို ယနေ့ နံနက် ၈ နာရီက အိမ်တော်နှင့် တောင်ကြီးဟိုတယ်ရှေ့ရှိ အများပြည်သူအပန်းဖြေသည့်နေရာ၌ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှမ်းပြည်နယ်လွှတ်တော်ရုံးရှေ့ရှိ ဖုန်းကေဘယ်ကြိုးများနှင့်မလွတ်သည့် သစ်ကိုင်းသစ်ခက်များကို မီးသတ်တပ်ဖွဲ့က ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးပလက်ဖောင်းဘေးရှိ ရေနုတ်မြောင်းနံရံ တစ်ပြေးညီဆေးသုတ်ရန် သက်ဆိုင်ရာစည်ပင်သာယာရေးဌာနအား မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာဘုရားအတက်လမ်းဘေးရှိ အများပြည်သူအပန်းဖြေလေ့ကျင့်ခန်းဆောင်ရွက်သည့်နေရာကို ကြည့်ရှုစစ်ဆေးရာ သန့်ရှင်းမှုရှိစေရန်နှင့် အပန်းဖြေနားနေသည့်နေရာ၌ သစ်ကိုင်းသစ်ခက်မလွတ်မှုကို ရှင်းလင်းဆောင်ရွက်ရန်နှင့် ရွေ့ရှင်အေးလမ်းဘေးရှိ အသုံးမပြုသည့် လျှပ်စစ်မီးတိုင်များ စနစ်တကျရှင်းလင်းဆောင်ရွက်ထားရှိရန် သက်ဆိုင်ရာဌာနများအား မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာဘုရားသို့ သွားရောက်၍ ပန်း၊ ရေချမ်းဆက်ကပ်ပူဇော်ဖူးမြော်ကြည်ညိုပြီး စူဠာမုနိဘုရားအတွင်း၊ အပြင်ဘက်စုံမွမ်းမံပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ**(ယာပုံ)** ပြည်နယ်ဝန်ကြီးချုပ်က မကြာမီ ၂၀၂၄ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ကျင်းပမည်ဖြစ်၍ ပွဲတော်အမီပြီးစီးနိုင်ရန်နှင့် ဘုရားအပြင်ဘက်ရှိ အုတ်တံတိုင်းနံရံ အဖြူရောင်အောက်ခြေအား ညစ်ပေခြင်းမရှိစေရန် အညိုရောင်ကာတင်ဆေးသုတ် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအား မှာကြားပြီး မသိုးသက်နှင်းရက်လုပ်ပြိုင်ပွဲ ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် လာမည့် တနင်္လာနေ့တွင် စူဠာမုနိလောကချမ်းသာဘုရားရင်ပြင်အား မီးသတ်တပ်ဖွဲ့က သန့်ရှင်းရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ၂၀၂၄ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကျင်းပမည့် အဝေရာမီးပုံးပျံကွင်းကို သက်ဆိုင်ရာဌာနများက ပြုပြင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**မောင်မောင်သန်း(တောင်ကြီး)**

# လယ်ဝေးမြို့နယ်အတွင်း သဘာဝဘေးကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ကေများအတွက် ပြန်လည်အစားထိုးစိုက်ပျိုးပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**လယ်ဝေး နိုဝင်ဘာ ၂**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ပျံချီကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ဆရာတော်အား နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့သည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပျံချီကျေးရွာ၌ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်နေသော သီရိအလင်းရောင်စာကြည့်တိုက် ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်အတွင်း သဘာဝဘေးကြောင့် ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့သော စပါးစိုက်ကေများအတွက် ပြန်လည်အစားထိုးစိုက်ပျိုးနေသည့် အလယ်ကျွန်းကျေးရွာ ကွင်းအမှတ် ၁၇၄၃ နှင့် အင်ပင်ကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၁၇၅၂ တို့သို့သွားရောက်၍ ပြန်လည်အစားထိုးစိုက်ပျိုးပြီးစီးမှုအခြေအနေများနှင့် လိုအပ်သည့်သွင်းအားစုများ ထောက်ပံ့ပေးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းက ပြန်လည်ကုစားစိုက်ပျိုးပြီးစီးမှု အခြေအနေများ၊ သွင်းအားစုထောက်ပံ့ပေးပြီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်က ပြန်လည်ကုစားစိုက်ပျိုးထားသော လယ်ယာမြေများအတွက် အောင်ရေရရှိအောင် ဆောင်ရွက်ပေးနိုင်ရေး၊ မိုးစပါးဆည်ရေသောက်ဧရိယာများတွင် အောင်ရေရရှိရေးအတွက် ရေပေးမြောင်းများ ရှင်းလင်းရေး၊ နိုဝင်ဘာ ၂ ရက်တွင် ရေပေးနိုင်ရန်အတွက် မိုးစပါးစိုက်ပျိုးရန်ပြင်ဆင်ချိန်မမီသော စိုက်ကေများကို ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး တောင်သူများအား ရွက်ဖျန်းဆေးဘူးများ ထောက်ပံ့ပေးအပ်သည်။

လယ်ဝေးမြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၇၄၃ တွင် သဘာဝဘေးကြောင့် ရေကြီးနစ်မြုပ်ဧက ၁၂၅၀ အနက် မိုးစပါး ပြန်လည်အစားထိုးကုစားစိုက်ပျိုးပြီး ၁၃၆ ဧက၊ မတ်ပဲ ၆၃၄ ဧက၊ ပဲကြီး ဧက ၂၇၀ နှင့် အခြားပဲ ဧက ၂၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် အင်ပင်ကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၁၇၅၂ တွင် ထိခိုက်ပျက်စီးဧက ၂၀၅ ဧကရှိပြီး မိုးစပါးပြန်လည်အစားထိုးစိုက်ပျိုးပြီးကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ်၌ မိုး/မိုးနှောင်းဝါ ကောက်ယူနေမှုကို ကြည့်ရှုအားပေး

**စဉ့်ကိုင် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် စဉ့်ကိုင်မြို့နယ် နတ်ရေကန်ကျေးရွာနှင့် ကံတွင်းကျေးရွာများ၌ စိုက်ပျိုးထားသည့် မိုး/ မိုးနှောင်းချည်မျှင်ရှည်ဝါ ဘီ-၃၁ ဝါကောက်ယူနေမှုကို ယမန်နေ့က ကြည့်ရှုအားပေးသည်။

အဆိုပါ မိုး/မိုးနှောင်းဝါကောက်ယူနေမှုကို မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်ကြူနှင့် တာဝန်ရှိသူများက အသင်းသား အသင်းသူတောင်သူများ စိုက်ပျိုးထားသည့် မိုး/မိုးနှောင်းချည်မျှင်ရှည်ဝါကောက်ယူနေမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**



**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေအပန်းပြေ၏**

# မန္တလေးဈေးကွက်အတွင်း ပဲစင်းငုံများ အရောင်းအဝယ်သွက်လျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးဈေးကွက်အတွင်း မြန်မာ့လယ်ယာထွက်ကုန် ပဲစင်းငုံများ အရောင်းအဝယ် သွက်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

လာမည့် ဒီဇင်ဘာလတွင်လည်း ပဲစင်းငုံအသစ်များ ထွက်ရှိလာတော့မည်ဖြစ်ပြီး လက်ရှိအချိန်တွင် မန္တလေးဈေးကွက်အတွင်း လက်ကျန် ပဲစင်းငုံများကို ပြည်ပနိုင်ငံများ၏ ဝယ်ယူမှုများကြောင့် ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်နေကြောင်း၊ ယခုဈေးကွက်အတွင်း ပဲစင်းငုံ ဈေးကောင်းရရှိကာ အရောင်းအဝယ် ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံ ပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

**ပြည်ပဝင်ငွေရှာဖွေပေး**

"ဈေးကွက်အတွင်းမှာ လက်ကျန် ပဲစင်းငုံတွေ ဈေးကောင်းရရှိနေပါတယ်။ တောင်သူတွေအနေနဲ့ မကြာမီကာလမှာ ပဲစင်းငုံအသစ်တွေ ထွက်ရှိလာတော့မှာပါ။ ထွက်ရှိတဲ့ ပဲစင်းငုံရာခိုင်နှုန်းပြည့်က ပြည်ပပို့ကုန်အနေနဲ့ နှစ်စဉ်တင်ပို့ရပါတယ်။ ဈေးကွက်ကလည်း အခိုင်အမာရရှိပြီးသားပါ။ ပဲစင်းငုံက ပြည်ပပို့ကုန်အနေနဲ့ အိန္ဒိယတင်မဟုတ်ပါဘူး၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ပါကစ္စတန်နိုင်ငံတို့ကလည်း နှစ်စဉ် ပုံမှန်ဝယ်ယူနေကြပါတယ်။ အဓိက ဖောက်သည်ကတော့ အိန္ဒိယနိုင်ငံဖြစ်ပါတယ်။ ဒီပဲစင်းငုံက ဆောင်းသီးနှံအနေနဲ့ တစ်ရာသီသာ စိုက်ပျိုးကြပါတယ်။ ပဲစင်းငုံတွေဟာ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ လာမယ့် ၂၀၂၅ မှာ ပဲစင်းငုံတွေဟာ စိုက်ဧကတွေတိုးပြီး ဈေးကောင်းမယ်လို့ ခန့်မှန်းထားပါတယ်။ ပဲမျိုးစုံတွေထဲမှာ ဒီပဲက တတိယအနေနဲ့ ပြည်ပဝင်ငွေရှာဖွေပေးတဲ့ ပဲတစ်မျိုးလည်း ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

**တိုးချဲ့စိုက်ပျိုးလာ**

မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲစင်းငုံမှာ ပဲစင်းငုံအနီ၊ ပဲစင်းငုံအဖြူနှင့် ပဲစင်းငုံအကြားဟူ၍ အမျိုးအစား သုံးမျိုးရှိကြောင်း၊ မြန်မာပြည်အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပဲစင်းငုံများကို စိုက်ပျိုးကြကြောင်း၊ ယခုနောက်ပိုင်း တိုးချဲ့စိုက်ပျိုးလာကြရာ ကယား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်တို့၌ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံနှင့် ရာသီဥတုပြောင်းလဲမှုခြေရာများ

ဒေါက်တာမေခင်ချော (မိုး/ဇလ)

*(ယမန်နေ့မှအဆက်)*

တိုင်ဖွန်းမုန်တိုင်း "ရာဂီ" ၏ အကြွင်းအကျန်လေပွေလှိုင်း မြန်မာနိုင်ငံအတွင်းသို့ လေပွေလှိုင်းအဆင့်ဖြင့် ၃ ရက်ခန့် ကြာမြင့်စွာ ဖြတ်ကျော်ခဲ့ရာ ဖြတ်ကျော်ဝင်ရောက်နေသည့် ၉-၉-၂၀၂၄ ရက်နေ့မှ ၁၂-၉-၂၀၂၄ ရက်နေ့များအတွင်း မိုးကြီးခြင်းများ ဖြစ်ပေါ်ခဲ့ကာ မိုးရေချိန် စံချိန်သစ်တင်ခြင်းများကို ၁၅ ကြိမ်တိုင်တိုင် တိုင်းတာရရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း "ရာဂီ" ၏ အကြွင်းအကျန် လေပွေလှိုင်းများ ဖြတ်သန်းနေစဉ်ကာလအတွင်း တောင်ကျချောင်းရေများ အရှိန်အဟုန်ပြင်းစွာ စီးဆင်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ နှစ်ပေါင်း ၈၀ ကျော်အတွင်း မကြုံစဖူး ခံစားခဲ့ရခြင်းကြောင့် လူပေါင်း ၅၂၀ သေဆုံး၊ ပျောက်ဆုံးခဲ့ပြီး ကဏ္ဍပေါင်းစုံတွင် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

**(ဃ) ရာသီဥတုပြောင်းလဲမှုနှင့် မုန်တိုင်းများအခြေအနေ**

**မုန်တိုင်းအကြိမ်ရေ လျော့နည်းလာမှု။** ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းများဖြစ်ပေါ်ခြင်းသည် မြန်မာနိုင်ငံအတွက် ကောင်းကျိုး၊ ဆိုးကျိုး ဒွန်တွဲနေလေ့ရှိပါသည်။ မိုးကြိုကာလ မုန်တိုင်းဖြစ်လျှင် မုတ်သုံကို အဝင်စောစေပြီး မုတ်သုံကာလအတွင်း မုန်တိုင်းဖြစ်ခဲ့လျှင် မုတ်သုံအင်အားကောင်းစေကာ မိုးပိုရစေပါသည်။ မြန်မာ့ကမ်းရိုးတန်းကို တည့်တည့်ဖြတ်ပြီဆိုပါက ပျက်စီးဆုံးရှုံးမှုများကို ဖြစ်စေတတ်သည်။ (၁၈၉၁-၂၀၂၀)အတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းအရေအတွက် စုစုပေါင်း ၁၂၂၇ ကြိမ် ဖြစ်ပွားခဲ့သည့်အနက် (၁၈၉၁-၁၉၇၀) ကာလနှင့် (၁၉၇၁-၂၀၂၀)ကာလတို့ကို ခွဲခြားလေ့လာကြည့်လျှင် ရာသီဥတုပြောင်းလဲမှုနှင့်အတူ မုန်တိုင်းအရေအတွက် လျော့နည်းလာနေသည်ကို သိသာထင်ရှားစွာ တွေ့မြင်ရပါသည်။

လွန်ခဲ့သည့်(၁၈၉၁-၁၉၇၀)ကာလတွင် ဘင်္ဂလားပင်လယ်အော်၌ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် မုန်တိုင်း ၁၁ ကြိမ်ခန့် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းကာလများဖြစ်သော (၁၉၇၁-၂၀၂၀) အတွင်းတွင် တစ်နှစ်ပျမ်းမျှအားဖြင့် မုန်တိုင်း ခုနှစ်ကြိမ်ခန့်သာ ဖြစ်ပွားမှုရှိတော့ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တစ်နှစ်တွင် ပျမ်းမျှအားဖြင့် မုန်တိုင်း လေးကြိမ်ခန့် လျော့နည်းသွားသည်ကို တွေ့ရှိရပါသည်။

**မုန်တိုင်းပြင်းအားတိုးလာမှု။** မုန်တိုင်းအကြိမ်ရေ နည်းသွားသော်လည်း မုန်တိုင်းဖြစ်ပေါ်ပြီး မြန်မာ့ကမ်းရိုးတန်းသို့ဖြတ်ကျော်ဝင်ရောက်ပြီဆိုပါကလည်း အင်အားကြီး မုန်တိုင်းများအဖြစ်သို့ ရောက်ရှိတတ်ကြောင်း၊ ၂၀၀၆ ခုနှစ် "မာလာ"မုန်တိုင်း၊ ၂၀၀၇ ခုနှစ် "အာကရ်"မုန်တိုင်း၊ ၂၀၀၈ ခုနှစ် "နာဂစ်"မုန်တိုင်း၊ ၂၀၁၁ခုနှစ် "ဂီရိ" မုန်တိုင်း၊ ၂၀၂၃ ခုနှစ် "မိုခါ"မုန်တိုင်းများက သာဓကအဖြစ် ညွှန်ပြလျက်ရှိပါသည်။

**မုန်တိုင်းအစပျိုးရာနေရာ၊ ဖြစ်ပွားသည့် အချိန်နှင့် မုန်တိုင်းလမ်းကြောင်းများ သွေဖည်လာမှု။** ၂၀၂၂ ခုနှစ်က ဖြစ်ပွားခဲ့သည့် အားကောင်းသောမုန်တိုင်းငယ် (02B/2022) သည် မုန်တိုင်းအဖြစ်နည်းသော ကပ္ပလီပင်လယ်ပြင်မှ အစပျိုးခဲ့ခြင်း၊ မုန်တိုင်းလုံးဝမဖြစ်ဖူးသော မတ်လတွင်ဖြစ်ပွားခြင်း စသည့် ထူးခြားချက်များ တွေ့ရှိလာရပါသည်။ ထို့ပြင် ၂၀၂၂ ခုနှစ် မေလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည်လည်း မုန်တိုင်းစတင်ဖြစ်ပွားလေ့မရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ ကမ်းခြေနှင့် အလွန်နီးကပ်စွာ စတင်အစပျိုးဖြစ်ပေါ်ခဲ့ပြီး အချိန်တိုအတွင်း မွန်ပြည်နယ်အတွင်းသို့ ဖြတ်ကျော် ဝင်ရောက်ခဲ့ပါသည်။

အဆိုပါ မုန်တိုင်းငယ်သည် မုန်တိုင်းစတင်ဖြစ်ပွားလေ့မရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့ကာ မုန်တိုင်းဝင်ရောက်လေ့မရှိသော မွန်ပြည်နယ်အတွင်းသို့ ဝင်ရောက်ခဲ့သည့် တစ်ခုတည်းသော ထူးခြားသည့် မုန်တိုင်းငယ်တစ်ခု ဖြစ်ခဲ့ပါသည်။ အလားတူပင် ၁၉၈၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သော "ဂွ" မုန်တိုင်းနှင့် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော "နာဂစ်" မုန်တိုင်းတို့၏ မုန်တိုင်းလမ်းကြောင်းကို လေ့လာကြည့်လျှင်လည်း ပုံမှန်မုန်တိုင်းလမ်းကြောင်းများနှင့်သွေဖည်၍ လတ္တီကျူနိမ့်သော ဧရာဝတီတိုင်းဒေသကြီး အနီးမှလည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

**အနာဂတ်မြန်မာ့ရာသီဥတု ပြောင်းလဲနိုင်မှုအလားအလာများ**

အနာဂတ်ကာလများတွင် ရာသီဥတုမည်ကဲ့သို့ ပြောင်းလဲနိုင်မည်ဆိုသည့် ခန့်မှန်းချက်ကို သိရှိမှသာ အဆိုပါ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ နေထိုင်နိုင်မည့်နည်းလမ်းများ၊ ရာသီဥတုပြောင်းလဲမှုကို လျော့ချနိုင်မည့်နည်းလမ်းများကို စီမံချက်များ ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကာဗွန်ထုတ်လုပ်မှု တွက်ချက်သည့် လမ်းကြောင်း (Representative Concentration Pathway– RCP) RCP 4.5 နှင့် RCP 8.5 တို့ဖြင့် တွက်ထုတ်ထားသော နောင်လာမည့် မြန်မာနိုင်ငံ၏ အနာဂတ်ကာလများအတွက် ရွာကျမှုဖြစ်စဉ်များ ပြောင်းလဲနိုင်မှု ရာခိုင်နှုန်းနှင့် အမြင့်ဆုံးအပူချိန် မြင့်တက်လာနိုင်မှု အလားအလာတို့ကို ဇယား-၂ အတိုင်း ဖော်ပြအပ်ပါသည်။

**ဇယား-၂။ မြန်မာနိုင်ငံအတွက် RCP 4.5 နှင့် RCP 8.5 တို့ဖြင့် တွက်ထုတ်ချက်ရရှိသော ပြောင်းလဲလာနိုင်သည့် ရာသီဥတုအခြေအနေများ**


| စဉ် | အကြောင်းအရာ | ၂၀၄၀ ပြည့်နှစ် | | ၂၁၀၀ ပြည့်နှစ် | |
|---|---|---|---|---|---|
| | | RCP 4.5 | RCP 8.5 | RCP 4.5 | RCP 8.5 |
| ၁။ | ရွာကျမှုဖြစ်စဉ် တိုးလာနိုင်မှု(%) | ၁-၄ % | ၂-၆ % | ၂-၇ % | ၅-၁၇ % |
| ၂။ | နေ့အပူချိန် (C ) တိုးလာနိုင်မှု | ၀.၉-၁.၁(°C) | ၁.၁-၁.၄(°C) | ၁.၄-၁.၇(°C) | ၃.၅-၄.၃(°C) |

ရာသီဥတု ပြောင်းလဲခြင်းသည် တစ်ကမ္ဘာလုံးရှိ လူသားများအား ခြောက်လှန့်နေသော စိန်ခေါ်မှု တစ်ရပ်ပင်ဖြစ်ပါသည်။ ယနေ့ ကမ္ဘာတစ်ဝန်းလုံးတွင် ရာသီဥတုမျှတစေရေးအတွက် ပြုမူဆောင်ရွက်မှုများ၊ ကျွမ်းကျင်မှုနည်းပညာများဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးများကို ဆောင်ရွက်နေကြသော်လည်း လေထုအတွင်းရောက်ရှိနေပြီးဖြစ်သော ဖန်လုံအိမ်ဓာတ်ငွေ့များကြောင့် ထိခိုက်မှုဆိုးကျိုးများကို တစ်ကမ္ဘာလုံး ဆက်လက်ခံစားနေရဦးမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါအချက်များအရ ရာသီဥတုပြောင်းလဲနေခြင်းကြောင့် မြန်မာနိုင်ငံတွင် ထိခိုက်မှုဆိုးကျိုးများကို လက်ရှိတွင် ခံစားနေရသကဲ့သို့ အနာဂတ်တွင်လည်း ဆက်လက်ဖြစ်ပေါ် ခံစားနေရဦးမည်ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံ၏ အရေးကြီးကဏ္ဍများတွင် ပျက်စီးဆုံးရှုံးလွယ်သည့် အခြေအနေများကို လျှော့ချရန်၊ လိုက်လျောညီထွေ ပြုမူနေထိုင် ဆောင်ရွက်နိုင်ရန် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး အစီအစဉ်များ၊ ချမှတ်ဆောင်ရွက်ရန် ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်သော အစီအမံများကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အစွန်းရောက်ဖြစ်စဉ်များ ပေါ်ပေါက်လာပါကလည်း တရားမဝင်သတင်းဌာနများနှင့် Social Media များမှ ခိုင်မာမှုမရှိသော ထုတ်လွှင့်ချက်များအပေါ် နားယောင်မှုမပြုဘဲ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသော ကြိုတင်သတိပေးချက်များကို ဂရုပြုနားထောင်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုများကို သဘာဝဘေးအန္တရာယ်အသွယ်သွယ်မှ ဘေးကင်းလုံခြုံနိုင်စေရေးအတွက် လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**"ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံ၏ အရေးကြီးကဏ္ဍများတွင် ပျက်စီးဆုံးရှုံးလွယ်သည့် အခြေအနေများကို လျှော့ချရန်၊ လိုက်လျောညီထွေ ပြုမူနေထိုင်ဆောင်ရွက်နိုင်ရန် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး အစီအစဉ်များ၊ ချမှတ်ဆောင်ရွက်ရန် ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်သော အစီအမံများကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်"**








နေပြည်တော်ပြည်ထောင်စုနယ်မြေ အနီးဝန်းကျင်ဒေသများတွင်၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ ရေလွှမ်းမိုးမှုအခြေပြမြေပုံနှင့် ရေကြီးမှုကြောင့် ကျေးရွာများနှင့် လူနေအိမ်ခြေများ ထိခိုက်ပျက်စီးရပုံ။

PREMIER LEAGUE GAME WEEK – 10

# ချယ်ဆီးထက် နည်းပြအပြောင်းအလဲပြုလုပ်ထားတဲ့ မန်ယူရဲ့ ရှုန်းအားကို ကြည့်ရမယ်

■ မိုးဇက် – စုစည်းသည်

| ပရီမီယာလိဂ် ပွဲစဉ် (၁၀) | |
|---|---|
| ၃-၁၁-၂၀၂၄ | တနင်္ဂနွေနေ့ |
| စပါး – ဗီလာ | ည ၈း၃၀ |
| မန်ယူ – ချယ်ဆီး | ည ၁၁း၀၀ |
| ၄-၁၁-၂၀၂၄ | တနင်္လာနေ့ |
| ဖူလ်ဟမ် – ဘရန့်ဖို့ဒ် | နံနက် ၂း၃၀ |



ဆွန်ဟောင်မင်

စပါး (တိုက်စစ်)

၆ ပွဲကစား၊ ၃ ဂိုးသွင်း

## စပါး VS ဗီလာ

ဗီလာအသင်းက ပုံမှန်ခြေစွမ်းပြသထားနိုင်တဲ့အသင်းဖြစ်ပြီး ပြိုင်ဘက် စပါးအသင်းက ပုံမှန်ခြေစွမ်းပြသနိုင်ဖို့ ရုန်းကန်နေရတဲ့ အသင်းဖြစ်တယ်။ ဗီလာက ဒီပွဲစဉ်ပြီးရင် အသင်းကြီး လီဗာပူးနဲ့ ကစားရဖို့ ရှိတယ်။ နှစ်သင်းစလုံးမှာ တည်ငြိမ်တဲ့ ကစားဟန်ရှိတယ်။ စပါးအသင်းမှာ ဖန်တီးမှုအားကောင်းတဲ့ မက်ဒီဆင်၊ ဗန်ဒီဗင်၊ ဆားတို့ရှိပြီး ဗီလာအသင်းမှာ လုပ်အားနှုန်းကောင်းတဲ့ ဒူရန်၊ အိုနာနာစတဲ့ ကစားသမားတွေ ရှိတယ်။ မည်သို့ပင်ဆိုစေ အဆုံးသတ်သေချာတဲ့အသင်းသာ နိုင်ပွဲရရှိမယ်။

**စပါးနဲ့ ဗီလာအသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| ဗီလာ | ၀ – ၄ | စပါး | ပရီမီယာလိဂ် |
| စပါး | ၁ – ၂ | ဗီလာ | ပရီမီယာလိဂ် |
| ဗီလာ | ၂ – ၁ | စပါး | ပရီမီယာလိဂ် |



ဝတ်ကင်စ်

ဗီလာ (တိုက်စစ်)

၉ ပွဲကစား၊ ၅ ဂိုးသွင်း



ဂါနာချို

မန်ယူ (တောင်ပံ)

၉ ပွဲကစား၊ ၂ ဂိုးသွင်း

## မန်ယူ VS ချယ်ဆီး

အသင်းကြီး နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုဖြစ်တဲ့အတွက် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ မန်ယူက နောက်ဆုံးလိဂ်ငါးပွဲမှာ နိုင်ပွဲတစ်ပွဲသာ ရရှိအောင်စွမ်းဆောင်ထားတယ်။ တိုက်စစ်ပိုင်းကလည်း ကိုးပွဲမှာ ရှစ်ဂိုးသာ သွင်းယူထားနိုင်တယ်။ ချယ်ဆီးက ပုံမှန်ခြေစွမ်းပြသထားနိုင်တဲ့အသင်းဖြစ်ပြီး တိုက်စစ်ပိုင်းကလည်း ကိုးပွဲမှာ ၁၉ ဂိုးအထိ သွင်းယူထားနိုင်တယ်။ သို့သော်လည်း နည်းပြအပြောင်း အလဲပြု လုပ်ထားတဲ့ မန်ယူကို အသာရဖို့ မလွယ်ဘူး။ ဒီပွဲစဉ်မှာ ချယ်ဆီးထက် မန်ယူအသင်း ရလဒ်ကောင်း ရရှိဖွယ်ရှိတယ်။

**မန်ယူနဲ့ ချယ်ဆီးအသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| ချယ်ဆီး | ၄ – ၃ | မန်ယူ | ပရီမီယာလိဂ် |
| မန်ယူ | ၂ – ၁ | ချယ်ဆီး | ပရီမီယာလိဂ် |
| မန်ယူ | ၄ – ၁ | ချယ်ဆီး | ပရီမီယာလိဂ် |



ပဲလ်မာ

ချယ်ဆီး (တိုက်စစ်)

၉ ပွဲကစား၊ ၇ ဂိုးသွင်း



ဂျီမီနက်ဇ်

ဖူလ်ဟမ် (တိုက်စစ်)

၉ ပွဲကစား၊ ၄ ဂိုးသွင်း

## ဖူလ်ဟမ် VS ဘရန့်ဖို့ဒ်

ခြေရည်တူနှစ်သင်းတွေ့ဆုံမှုဖြစ်တဲ့အပြင် နှစ်သင်းကြား ရမှတ်ကွာဟမှုကလည်း တစ်မှတ်သာရှိတဲ့အတွက် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ ဖူလ်ဟမ်က နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားပြီး သရေ တစ်ပွဲနဲ့ ရှုံးပွဲနှစ်ပွဲ ကြုံတွေ့ထားတယ်။ ဖူလ်ဟမ်အသင်းက နိုင်ပွဲရရေး ခြေကုန်ထုတ်လာမှာဖြစ်သလို ပြိုင်ဘက်ဘရန့်ဖို့ဒ်အသင်းကလည်း ရမှတ်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ပြင်ဆင်လာမှာပါ။ မည်သို့ပင်ဆိုစေ ဖူလ်ဟမ်အသင်းထက် ဘရန့်ဖို့ဒ်အသင်းရဲ့ ရုန်းအားကို ကြည့်ရမယ်။

**ဖူလ်ဟမ်နဲ့ ဘရန့်ဖို့ဒ်အသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| ဘရန့်ဖို့ဒ် | ၀ – ၀ | ဖူလ်ဟမ် | ပရီမီယာလိဂ် |
| ဖူလ်ဟမ် | ၀ – ၃ | ဘရန့်ဖို့ဒ် | ပရီမီယာလိဂ် |
| ဖူလ်ဟမ် | ၃ – ၂ | ဘရန့်ဖို့ဒ် | ခြေစမ်းပွဲ |



အမ်ဗျူမို

ဘရန့်ဖို့ဒ် (တိုက်စစ်)

၉ ပွဲကစား၊ ၈ ဂိုးသွင်း

# စတုဂတ်ကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည့် လေဗာကူဆင်

ဘွန်ဒက်စ်လီဂါပွဲစဉ် (၉) မှ နိုဝင်ဘာ ၂ ရက် နံနက် ၂ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် လေဗာကူဆင်နှင့် စတုဂတ်အသင်းပွဲစဉ်တွင် ဂိုးမရှိသရေလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။

ယခုနှစ်ရာသီတွင် ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသည့် လေဗာကူဆင်အသင်းသည် ပြိုင်ဘက်အသင်းကို ပွဲချိန်တစ်လျှောက် ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးများနှင့်အတူ တစ်ဖတ်သတ် ဖိအားပေးကစားနိုင်ခဲ့သော်လည်း အသင်းကစားသမားများ အဆုံးသတ်ပိုင်းလိုအပ်ချက်ရှိသည့်အတွက် နိုင်ပွဲနှင့် ဝေးကွာခဲ့ရသည်။

စတုဂတ်အသင်းက ပြိုင်ဘက်အသင်း၏ ဖိအားပေးမှုကြောင့် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး တစ်ခါတစ်ရံမှသာ တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။

ယခုပွဲစဉ်သရေကျခဲ့သည့်အတွက် လေဗာကူဆင်အသင်းက ကိုးပွဲကစားပြီး ရမှတ် ၁၆ မှတ် ရရှိထားကာ စတုဂတ်အသင်းက ၁၃ မှတ် ရရှိထားသည်။



## ဟောင်ကောင်အိုးပင်းဗိုလ်လုပွဲသို့ ဗြိတိန်နံပါတ်တစ်တင်းနစ်မယ် ဘောလ်တာတက်လှမ်း

ဗြိတိန်နံပါတ်တစ် တင်းနစ်မယ် ကေတီဘောလ်တာသည် ဟောင်ကောင်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် တရုတ်တင်းနစ်မယ် ယူရန်ကို အကြိတ်အနယ်ကစားပြီး ၆–၂၊ ၇–၅၊ ၆–၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

၎င်းသည် အဆိုပါ တရုတ်တင်းနစ်မယ်ကို အနိုင်ရရှိရန် နှစ်နာရီခွဲကြာ ယှဉ်ပြိုင်ကစားခဲ့ရကြောင်း သိရသည်။ ဘောလ်တာသည် ဗိုလ်လုပွဲသို့ ရောက်ရှိရန် ဂျပန်တင်းနစ်မယ်အီတို၊ တရုတ်တင်းနစ်မယ် ဝမ်၊ ရုရှားတင်းနစ်မယ် ဇာခါရိုဗာစသည့် တင်းနစ်မယ်များကို အဆင့်ဆင့် ကျော်ဖြတ်ခဲ့ရသည်။

ဘောလ်တာသည် ဟောင်ကောင်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ကနေဒါတင်းနစ်မယ် လေလာဖာနန်ဒက်စ်ကို ၆–၄၊ ၆–၂ ရလဒ်ဖြင့် နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော ရုရှား တင်းနစ်မယ် ဒိုင်ယာနာ ရှနိုက်ဒါနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။



## ရှိုင်ဘာကီနာက ဝင်ဘယ်ဒန်ချန်ပီယံဟောင်း အီဗန်နီဆီဗစ်ကို နည်းပြသစ်အဖြစ် ခန့်အပ်

အီလန်နာ ရှိုင်ဘာကီနာသည် ဝင်ဘယ်ဒန်ချန်ပီယံဟောင်း ဂေါ်ရန်အီဗန်နီဆီဗစ်ကို ၎င်း၏ နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

ကမ္ဘာ့အဆင့် (၅) ရှိ ကာဇက်စတန်တင်းနစ်မယ် ရှိုင်ဘာကီနာသည် ၂၀၂၂ ခုနှစ် ဝင်ဘယ်လ်ဒန်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဂရင်းဆလမ်းဆုကို ဆွတ်ခူးထားနိုင်သူ ဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် ဝင်ဘယ်လ်ဒန်ဖလားကို ဆွတ်ခူးနိုင်ခဲ့သော အီဗန်နီဆီဗစ်သည် နိုဗက်ဂျိုကိုဗစ်ကို ခြောက်ရာသီကြာ နည်းပြလုပ်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် ရှိုင်ဘာကီနာသည် ဩဂုတ်လက ယှဉ်ပြိုင်ကစားခဲ့သည့် ယူအက်စ်အိုးပင်းပြိုင်ပွဲပြီးနောက် တင်းနစ်ပွဲကစားထားရသေးခြင်း မရှိသေးပေ။ ၎င်းသည် ရာသီအစ ပထမလေးလအတွင်း ဆုဖလား သုံးလုံးဆွတ်ခူးရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ ထို့အပြင် ၎င်းသည် ဆော်ဒီအာရေဗျနိုင်ငံ၌ WTA Finals ရာသီပိတ် ပြိုင်ပွဲတွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်း သိရသည်။

ရှိုင်ဘာကီနာသည် ၂၀၂၃ ဩစတြေးလျအိုးပင်းတွင် ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သော်လည်း ပြိုင်ဘက်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ဆုဖလားကိုင်မြှောက်ခွင့် လွဲချော်ထားသည်။

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌လည်း ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက်တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်ရှင်အရဟံနေဝင်သိမ်တောင်ကျောင်းတိုက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၀၅ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၆၁ ပါးနှင့် ဒေသခံပြည်သူ ၁၀၃ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ကလေး ရောဂါ၊ မီးယပ်ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အပါအဝင် မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အပါအဝင် မြို့နယ် ၁၆ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌လည်းကောင်း တက္ကသိုလ်များ၊ စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်း ဆောင်ရွက်ပေးကြသည်။

ထိုသို့ တက္ကသိုလ်များနှင့် စာသင်ကျောင်းများပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။



ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများ၌ နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ONE Friday Fights 85 ပြိုင်ပွဲတွင် သွေးလင်းထက် အမှတ်ဖြင့်ရှုံးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၂**

ONE Friday Fights 85 ပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပရာ မြန်မာဖိုက်တာ သွေးလင်းထက် အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။

သွေးလင်းထက်သည် ONE နှင့် လက်တွဲအပြီး ဒုတိယမြောက်ပွဲအဖြစ် ထိုးသတ်ရခြင်းဖြစ်ပြီး ပထမပွဲတွင် အမှတ်ဖြင့် အနိုင်ရသော်လည်း ယခုပွဲတွင် အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ သွေးလင်းထက်သည် နည်းဗျူဟာနှင့် ထိုးသတ်ပုံများအရ ပြိုင်ဘက်ကစားသမားကို အသာမရဘဲ ထိုင်းဖိုက်တာ ဘရာဇီးအာချက်ကသာ ပွဲကို ဦးဆောင်ထိုးသတ်ခဲ့သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အသာရခဲ့ခြင်းဖြစ်သည်။ သွေးလင်းထက်အနေဖြင့် အလဲထိုးနိုင်ခြင်းမရှိသလို ပြိုင်ဘက်ကစားသမားထက် အမှတ်ရယူနိုင်ခြင်းမရှိသဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

သွေးလင်းထက်သည် ထိုင်းဖိုက်တာ ဘရာဇီးအာချက်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရပြီး ယင်းတွဲဆိုင်းကို ယခင်က ပွဲစဉ် (၁၀) တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ပွဲထိုးသတ်နေချိန်အတွင်း ပြောင်းလဲကာ နောက်ဆုံးပွဲအဖြစ် ပြောင်းလဲထိုးသတ်စေခဲ့သည်။

**ညီမြတ်သော်တာ**

# ခေတ္တတရပ်နားထားသည့် MNL အမှတ်ပေးပြိုင်ပွဲ ပြန်လည်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂**

AFC Challenge Cup ပြိုင်ပွဲကြောင့် ခေတ္တရပ်နားထားသည့် ၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) ကို နိုဝင်ဘာ ၃ ရက်မှ ၇ ရက်အထိ ပြန်လည်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၁၃) အဖြစ် နိုဝင်ဘာ ၃ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ နိုဝင်ဘာ ၄ ရက်တွင် သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ YUSC ကွင်း၌ မြဝတီအသင်းနှင့် ရောဝတီယူနိုက်တက်အသင်း၊ နိုဝင်ဘာ ၅ ရက်တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ နိုဝင်ဘာ ၆ ရက်တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်း၊ နိုဝင်ဘာ ၇ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Dagon Port အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၂) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၃၄ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဟံသာဝတီယူနိုက်တက်အသင်းက ၃၁ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၃၀၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၆ မှတ်၊ ရတနာပုံအသင်းက ၁၈ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၆ မှတ်၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းက ၁၀ မှတ်၊ ရောဝတီယူနိုက်တက်အသင်းက ငါးမှတ်၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက နှစ်မှတ် ရရှိထားသည်။

အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းကစားရမည်ဖြစ်ပြီး ဒုတိယနေရာမှ ဟံသာဝတီနှင့် တတိယနေရာမှ ရန်ကုန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမည့်ပွဲတွင် အနိုင်ရရှိသည့်အသင်းက ရှမ်းယူနိုက်တက်ကို ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်ကာ သရေကျပါက အမှတ်ပိုပြတ်သွားနိုင်သည်။

**ရဲရင့်လွင်**

# ပန်းတနော်မြို့နယ်အတွင်းရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပန်းတနော် နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပန်းတနော်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းတံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား အောက်တိုဘာ ၃၁ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(နေပြည်တော်)မှ ဦးကျော်ကျော်ထွေး (အင်ဂျင်နီယာချုပ်-မြို့ပြ) ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပဆလလမ်းမှ ပန်းတနော်-ဂုံမင်းလမ်းသို့ဆက်သည့်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မအူပင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် ပန်းတနော်မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)(တာဝန်)မှ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အင်ဂျင်နီယာချုပ်(မြို့ပြ)က လုပ်ငန်းများ အချိန်မီ



ပြီးစီးရေးနှင့်အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ပန်းတောင်းမြို့နယ် ထုံးဘိုတိုက်နယ်ဆေးရုံတွင် အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသပေးလျက်ရှိ

ပန်းတောင်း နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ထုံးဘိုတိုက်နယ်ဆေးရုံတွင် ပြည်မြို့ ခုတင် (၅၀၀)အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦး ဦးဆောင်သော အထူးကုဆရာ ဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ယနေ့ နံနက်ပိုင်းတွင် လာရောက်ကုသသည့်ဒေသခံပြည်သူများအား အခမဲ့ကွင်းဆင်း ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းကုသဆောင်ရွက်ပေးရာတွင် အထွေထွေရောဂါ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ အရိုးအကြော၊ မျက်စိ၊ ကလေး၊ သွားနှင့်ခံတွင်း စသည်တို့ကို အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၃၅ ဦးက (အခမဲ့)ဆေးကုသပေးခြင်းဆောင်ရွက်လျက်ရှိရာ ပြည်မြို့ ခုတင် (၅၀၀)အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦး၊ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာဇင်ဇင်ဝေမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းထိုက်စိုးတို့က အခမဲ့ဆေးကုသပေးနေမှုကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။



ထိုသို့ အခမဲ့ဆေးကုသပေးခဲ့ရာ အထွေထွေရောဂါ ၁၇၄ ဦး၊ မျက်စိရောဂါ ၉၉ ဦး၊ အရိုး၊ အကြောရောဂါ ၈၆ ဦး၊ ခွဲစိတ် ၁၄ ဦး၊ ကလေးရောဂါ ၂၂ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၆ ဦး၊ သွားနှင့်ခံတွင်းရောဂါ ၂၁ ဦး စုစုပေါင်း ၄၃၂ ဦးအား အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

သင်းသင်းအေး(ပြန်/ဆက်)

# မော်လမြိုင်ကျွန်းမြို့နယ် ကျေးရွာများရှိ လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျွန်းကလေးကျေးရွာ စခန်းကြီးပုတီးရိုး - အောက်မအူတုံး - ကညင်ချောင်းကြီးကျေးရွာများရှိ လမ်းလုပ်ငန်းများ၊ ဘုရားစုကျေးရွာတွင် ကွန်ကရစ်ချောင်းကူးတံတားလုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဧရာဝတီတိုင်း တာဝန်ခံအင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဇော်မင်း၊ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ကြွယ်ကြွယ်ဝင်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဒေါ်မို့မို့သန့်နှင့်ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ကျွန်းကလေးကျေးရွာနှင့် စခန်းကြီးပုတီးရိုး-အောက်မအူတုံး-ကညင်ချောင်းကြီးကျေးရွာတွင် ကျောက်ချောလမ်းခင်းခြင်း၊ ဘုရားစုကျေးရွာတွင် ကွန်ကရစ်ချောင်းကူးတံတားဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျောက်ချောလမ်းများသည် အရှည်ပေ ၁၉၈၀၊ ပေ ၂၆၄၀၊ အကျယ် ၁၆ပေ၊ ထုခြောက်လက်မ၊ ဘုရားစုကျေးရွာတွင် ကျောက်ချောလမ်းပေါ်ရှိ ကွန်ကရစ်ချောင်းကူးတံတား အရှည် ၁၅၀ပေ၊ အကျယ်ပေ ၂၀၊ အရှည်ပေ ၅၀၊ အကျယ်ပေ ၂၀ နှင့် အရှည်ပေ ၃၀၊ အကျယ်ပေ ၂၀ ရှိပြီး မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ရာ အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဒလမြို့နယ်၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ



ဒလ နိုဝင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၏ဦးဆောင်မှုဖြင့် (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို ဒလမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဌာန၌ ယနေ့ နံနက် ၉ နာရီက ပြုလုပ်သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် အမျိုးသားသွေးဌာနမှ ဆရာဝန်နှင့် သူနာပြုများက သွေးအလှူရှင် ၃၅ ဦးတို့အား သွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ပြီး အာဟာရဖြည့်စွက်စာများအဖြစ် Royal D၊ ကြက်ဥ၊ ငှက်ပျောသီး၊ သံဓာတ်အားဖြည့်ဆေး၊ ဘီစကစ်မုန့်၊ သွေးလှူဒါန်းခြင်းအမှတ်တရအင်္ကျီနှင့် ငွေသားများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **အေးမြမိုး (ပြန်/ဆက်)**

# ကလောမြို့ မောမြေဦးပန်းခြံ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကလော နိုဝင်ဘာ ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့သည် ခရီးသွားမြို့တော်ဖြစ်ပြီး မြို့သန့်ရှင်းသာယာလှပရေးနှင့် အများပြည်သူ လာရောက်အပန်းဖြေလည်ပတ်ကြသည့် မောမြေဦးပန်းခြံတွင် နိုဝင်ဘာ ၂ ရက် နံနက် ၇ နာရီက ကလောခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့်အဖွဲ့ဝင်များကဦးဆောင်၍ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းကာ အများပြည်သူလာရောက်အပန်းဖြေကြသည့် မောမြေဦးပန်းခြံသန့်ရှင်းသာယာလှပစေရေးအတွက် မြက်ပင်၊ ပေါင်းပင်၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရွှံ့နွံများအား ရေဖြင့်ဆေးကြော၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## အခမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism -NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ကို ၂၀၂၀ ပြည့်နှစ်တွင်ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့် လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

# သာစည်၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



မျိုးမင်းဦး၊ စည်သူထိုက်နှင့် သီဟအောင်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

သာစည်၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် ည ၁၀ နာရီ ၁၀ မိနစ်က သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စု စိုက်ပျိုးရေးကျေးရွာအနီးတွင် စည်သူထိုက်၊ သီဟအောင်နှင့် မျိုးမင်းဦးတို့သုံးဦးအား LIGHT TRUCK မော်တော်ယာဉ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ကို လည်းကောင်း၊ အလားတူ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ပန်ဟုန်းကျေးရွာအနီးတွင် အားဂျို မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဟွေရှန်းကျေးရွာအနီးတွင် မြလှ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေ ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံသင်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီးနှင့်အတူနေ ဆရာမတစ်ဦးအား သတ်ဖြတ်လုယက်မှုကျူးလွန်သူ အမျိုးသားတစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက် စိုက်ပျိုးရေး နှင့် မွေးမြူရေးသိပ္ပံသင်တန်း ကျောင်းဝင်းအတွင်းရှိ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းရီ (၆၁)နှစ် (ဘ)ဦးညွန့်မောင်၏နေအိမ်၌ ယနေ့နံနက် ၄ နာရီ ၄၅ မိနစ်တွင် အဆိုပါကျောင်း၌ တက်ရောက်နေသည့် ဒုတိယနှစ် ကျောင်းသားဖြစ်သူ မျိုးမင်းသူ(၁၉ နှစ်) သည် နေအိမ်အတွင်း ဝင်ရောက်၍ ဆရာမကြီး ဒေါ်ဝင်းရီနှင့်အတူနေ ကျောင်းဆရာမ ဒေါ်အွန်စော(၂၂)နှစ် (ဘ) ဦးကျော်စွာထွန်းတို့အား ဓားဖြင့်ထိုးခုတ်၍ နေအိမ်အတွင်းရှိ စိန်တစ်လုံးပါ တစ်မတ်သား



လက်စွပ် တစ်ကွင်း၊ ကာလတန်ဖိုး ၂၄ သိန်းကျပ်ခန့်နှင့် ငွေကျပ် ၁၂ သိန်းခွဲတို့ကို လုယက်ယူဆောင် ထွက်ပြေးသွားသဖြင့် ဆရာမကြီး ဒေါ်ဝင်းရီတွင် ဓားဒဏ်ရာများရရှိခဲ့ပြီး ဆရာမဒေါ်အွန်စောတွင် ဓားဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သဖြင့် ပျဉ်းမနားမြို့မရဲစခန်း(ပ)၃၅၇/ ၂၀၂၄၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂/၃၉၄ ဖြင့် အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၅ မိနစ်တွင် ပျဉ်းမနားမြို့နယ် ဘောဂဝတီရပ်ကွက် ဘောဂသီရိကားဝင်းရှိ နေပြည်တော်မှ ရန်ကုန်သို့ ထွက်ခွာမည့် “နေကြယ်မင်း”ခရီးသည်တင်ယာဉ်ပေါ်မှ သတ်ဖြတ်လုယက်မှုကျူးလွန်သူ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျာဝတီမြို့ မြို့မ(၁)ရပ်ကွက်နေ တရားခံ မျိုးမင်းသူ (၁၉ နှစ်)(ဘ) ဦးမြင့်နိုင်အား ပြစ်မှုကျူးလွန်ရာမှ လုယက်ယူဆောင်လာသည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ မျိုးမင်းသူအား စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံသင်တန်းကျောင်း၌ ကျောင်းတက်နေသည့် ဒုတိယနှစ်ကျောင်းသားတစ်ဦးဖြစ်ပြီး ငွေကြေးအခက်အခဲများ ရှိနေခြင်း၊ ကျောင်းအုပ်ဆရာမကြီးက စိုက်ကွင်းများတွင် သင်ခန်းစာလက်တွေ့လုပ်ခိုင်းသည်ကို မကျေနပ်သဖြင့် သတ်ဖြတ်လုယက်ရန် နေအိမ်အတွင်းသို့ဝင်ရောက်ကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းရီနှင့် ဆရာမ ဒေါ်အွန်စောတို့ကို ဓားဖြင့်ထိုးခုတ်၍ နေအိမ်အတွင်းရှိ စိန်တစ်လုံးပါ တစ်မတ်သားလက်စွပ် တစ်ကွင်း၊ ကာလတန်ဖိုး ၂၄ သိန်းကျပ်ခန့်နှင့် ငွေကျပ် ၁၂ သိန်းခွဲတို့ကို လုယက်ယူဆောင် ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်း ဝင်ရောက်၍ ကျောင်းဆရာမနှစ်ဦးအား သတ်ဖြတ်လုယက်မှုကျူးလွန်ခဲ့သူ မျိုးမင်းသူအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကိုမလိုလားသည့် တာဝန်သိ ပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး တရားခံ မျိုးမင်းသူ အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံပြည်သူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံပြည်သူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်။

ဖြစ်စဉ်အမှန်မှာ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သည့် ကျီစု၊ ကျောက်တိုင်၊ ဝက်တိုးရွာများရှိ ဘုန်းကြီးကျောင်းများမှ သံဃာတော်များအား PDF အမည်ခံအကြမ်းဖက်သမားများက နှင်ထုတ်၍ သာသနာ့နယ်မြေဖြစ်သော ကျောင်းဝင်းအတွင်းနှင့် စာသင်ကျောင်းများ၌ ခိုအောင်းစခန်းချကာ လက်လုပ်သေနတ်များ၊ လက်လုပ်စိန်ပြောင်းများနှင့် လက်လုပ်မိုင်းမျိုးစုံတို့ကို ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါရွာများအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားခဲ့သည့် မိုင်းများ၊ ဘာသာရေးအဆောက်အဦများနှင့် စာသင်ကျောင်းများအတွင်း ကင်းစောင့်ခဲ့သည့်နေရာများ၊ ဘန်ကာ/ပစ်ကတုတ်များ၊ လက်လုပ်သေနတ်၊ စိန်ပြောင်း၊ မိုင်းများနှင့် လက်လုပ်များပြုလုပ်ရာတွင်သုံးသည့် လက်သုံးကိရိယာမျိုးစုံတို့ကို ဖော်ထုတ်သိမ်းဆည်းရရှိခဲ့သည်။

ထိုသို့ ရပ်ကွက်၊ ကျေးရွာများအတွင်း အကြမ်းဖက်သမားများ ခိုအောင်းမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိပြီး အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ပြည်သူများသိရှိစေရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**







○ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပထမပွဲအဖြစ် လာအိုကလပ်နှင့်ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ကျော်ဇင်ဖြိုး (ဂိုး)၊ ဇွဲထက်မင်း၊ ဇွဲခန့်မင်း၊ သက်ဟိန်းစိုး၊ နန္ဒကျော်၊ ဟီတာရို၊ မတ်ခ်ဆာကီ၊ ဟိန်းဖြိုးဝင်း၊ ဘာကာယိုကို၊ စအောင်ပြည့်ကို၊ ရင်တာရိုတို့ကို အသုံးပြုခဲ့သည်။ ပွဲအစတွင် တိုင်နန်စီးတီးအသင်းက တိုက်စစ်အားပြုကစားရာ ရှမ်းယူနိုက်တက်အသင်း ခံစစ်ကစားခဲ့ရပြီး ၁၂ မိနစ်တွင် မက်သယူးပေါ်တိုက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့ပြီး ၄၂ မိနစ်တွင် စအောင်ပြည့်ကိုက ချေပဂိုးပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးထပ်ရရန် ကစားသမားများ ပြောင်းလဲကာတိုက်စစ်မြင့်ခဲ့ပြီး မိနစ် ၇၀ တွင် ရဲရင့်အောင်က ဒုတိယဂိုးသွင်းယူပေးခဲ့သည်။ သို့သော် ရှမ်းယူနိုက်တက်အသင်းသည် အနိုင်ရလဒ်ကိုမထိန်းနိုင်ဘဲ ၈၇ မိနစ်တွင် ဂိုးပြန်ပေးခဲ့ရကာ တိုင်နန်စီးတီးအသင်းအတွက် ချေပဂိုးကို တိုနင်ဟိုက သွင်းယူခဲ့သည်။

အုပ်စု (D) ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက်နှင့် တိုင်နန်စီးတီးအသင်းတို့ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးမှတ်စီ တူညီသော်လည်း ရှမ်းယူနိုက်တက်အသင်းက ဂိုးကွာခြားချက်အသာဖြင့် အုပ်စုပထမ၊ တိုင်နန်စီးတီးအသင်းက အုပ်စုဒုတိယရရှိသည်။ AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲများအားလုံး ပြီးဆုံးသွားပြီဖြစ်ရာ အရှေ့အာရှဇုန် အုပ်စု (D) တွင် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းက အုပ်စုပထမ၊ တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းက အုပ်စုဒုတိယ၊ အုပ်စု (E) တွင် အင်ဒိုနီးရှားကလပ် မာဒူရာအသင်းက အုပ်စုပထမ၊ ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်းက အုပ်စုဒုတိယရရှိကာ ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။ အနောက်အာရှဇုန် အုပ်စု (A)တွင် အိန္ဒိယကလပ် အရှေ့ဘင်ဂေါအသင်းက အုပ်စုပထမ၊ အုပ်စု (B) တွင် တာ့ခ်မင်နစ္စတန်ကလပ် အာကာဘတ်အသင်းက အုပ်စုပထမ၊ အုပ်စု (C) တွင် အိုမန်ကလပ် အယ်လ်ဆီဘ်အသင်းက အုပ်စုပထမ၊ အကောင်းဆုံးအုပ်စုဒုတိယ အဖြစ် အုပ်စု (B) မှ ကူဝိတ်ကလပ် အယ်လ်အာရာဘီအသင်းတို့ ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။

ကွာတားဖိုင်နယ်တွင် ဇုန်အလိုက်အသင်းအချင်းချင်းသာ တွေ့ဆုံမည်ဖြစ်ပြီး အရှေ့အာရှဇုန်တွင် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်း၊ အင်ဒိုနီးရှားကလပ် မာဒူရာအသင်းနှင့် တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်း၊ အနောက်အာရှဇုန်တွင် ကူဝိတ်ကလပ် အယ်လ်အာရာဘီအသင်းနှင့် အိုမန်ကလပ် အယ်လ်ဆီဘ်အသင်း၊ တာ့ခ်မင်နစ္စတန်ကလပ် အာကာဘတ်အသင်းနှင့် အိန္ဒိယကလပ် အရှေ့ဘင်ဂေါအသင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို ၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ကန်ကြီးထောင့်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒိုးပင်ဆိပ်-(ပုသိမ်-ရန်ကုန်လမ်း)ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကန်ကြီးထောင့် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒိုးပင်ဆိပ်-(ပုသိမ်-ရန်ကုန်လမ်း)ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကန်ကြီးထောင့်မြို့နယ် ဒိုးပင်ဆိပ်-(ပုသိမ်-ရန်ကုန်လမ်း)သည် ကျေးရွာ သုံးရွာ၊ အိမ်ခြေ ၃၈၅ အိမ်၊ လူဦးရေ ၁၆၂၇ ဦးကို အကျိုးပြုသောလမ်းဖြစ်ပြီး လမ်းအရှည် (၀/၂မိုင်x ၁၂' x၇") ရှိသည်။ အဆိုပါလမ်းကို ကန်ကြီးထောင့်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၄-၂၀၂၅ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၃၅ ဒသမ ၉၉၅ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ)၊ ဦးကျော်ကျော်ထွေးက ကွန်ကရစ်လမ်း ရေရှည်တည်တံ့ ကောင်းမွန်စေရန်အတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပုသိမ်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်သူမင်းနှင့် မြို့နယ်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ)က လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)



## မအူပင်မြို့၌ မီးဘေးလုံခြုံရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ

**မအူပင် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မီးဘေးလုံခြုံရေးအသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းကို ယနေ့ နံနက် ၁၀ နာရီက လူစည်ကားရာ နေရာများဖြစ်သည့် ရေလဲလမ်း၊ မြို့ရှောင်လမ်းထောင့်နှင့် ကမ်းနားလမ်း နာရီစင်ရှေ့တို့၌ ဆောင်ရွက်သည်။

အဆိုပါ ဆောင်ရွက်မှုကို မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဇော်မျိုးဌေး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဖြိုးကိုနှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်း၍ မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ပုဒ်နှင့် မီးလန့်မှု၊ မီးလောင်မှုဖြစ်ပွားပါက နီးစပ်ရာ မြို့နယ်မီးသတ်စခန်းများသို့ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များပါဝင်သော မြေစိုက်ပိုစတာများ စိုက်ထူခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)



### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ မြေကွက်အမှတ် ၁၂/ဃ-၁ ဘီ၊ ဘီ(လ/န-၃၉) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ် ၈/၁၀၉၊ သုမင်္ဂလာလမ်း၊ (ဇ/မြောက်)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်ဟုခေါ်တွင်သည့် ၂ ခန်းတွဲ ၆ ထပ်တိုက်တစ်လုံးအား ဂရန်အမည်ပေါက်ဖြစ်သူ ဦးကျော်ဆန်း (၁၂/သဃက(နိုင်) ၀၀၂၃၀၄)က တစ်ဦးတည်းပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အဆိုပါတိုက်၏ စတုတ္ထထပ်(၅ လွှာ)၊ လက်ယာဘက်ခြမ်း တိုက်ခန်းအား ဦးကျော်ဆန်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာဝေ(၇/ကဝန(နိုင်) ၁၃၇၅၇၀) သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသန့်(LL.B) (C.B.L) အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၅)**
**အမှတ် ၉၁၆/ခ၊ မာဃ ၁၂ လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၇၇၁၉၇၁၀၆၄၊ ၀၉-၄၅၃၄၃၆၆၀၈**

### အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းယုအောင် ၁၃/တခလ(နိုင်)၀၆၇၀၂၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ယခုအခါတွင် လူမှုကွန်ရက်စာမျက်နှာအား အသုံးပြုကာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နှင်းယုအောင်နှင့် Yong Yong Fashion & Branded Collection တို့၏ ဂုဏ်သိက္ခာအား ကျဆင်းအောင်၊ အရှက်ရစေအောင် ရည်ရွယ်၍ မမှန်မကန် ပြောဆိုဝေဖန်၊ ပုတ်ခတ်ရေးသားမှုများအပြင် ပြန်လည်မျှဝေခြင်းများ ပြုလုပ်နေသည်ကို တွေ့နေရပါသည်။

သို့ပါ၍ ယခုကဲ့သို့ လူမှုကွန်ရက်စာမျက်နှာ FACEBOOK မှဖြစ်စေ၊ Messenger, TikTok, Telegram, Instagram, Viber Line မှ ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကျွန်ုပ်မိတ်ဆွေနှင့် ပတ်သက်၍ ဂုဏ်သိက္ခာကျဆင်းစေရန် ဖန်တီးပြောဆိုခြင်း၊ ဝေဖန်ခြင်း၊ ပုတ်ခတ်ပြောဆိုခြင်းစသည်တို့ကို ယနေ့မှစ၍ လုံးဝ (လုံးဝ) မပြုလုပ်ရန်တားမြစ်လိုက်ပါသည်။ ပြုလုပ်ခဲ့ပါက ထိုသို့ပြုလုပ်ဆောင်ရွက်သူ မည်သူမဆိုအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာယဉ် (စဉ် - ၁၄၄၂၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၆၃)၊ မြေညီထပ်၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၂၆၄ ၇၅၀၈**

# နိုင်ငံ တစ်ဝန်း စိမ်းလန်းဖို့ သစ်ပင် စိုက်ပျိုး ထိန်းသိမ်းစို့။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၄၉၁၈၃၊ Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်လတ် ၇/ပတတ(နိုင်) ၁၂၆၅၁၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**



## တောင်ငူပညာရေးဒီဂရီကောလိပ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်ငူ နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ပညာရေးဒီဂရီကောလိပ်၌ ယနေ့နံနက်ပိုင်းက (၃၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တောင်ငူခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်ငူပညာရေး ဒီဂရီကောလိပ်ဝင်းအတွင်းရှိ မြက်ပင်၊ ပေါင်းပင်များနှင့် အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကို ဆောင်ရွက်ပြီး အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်တို့က ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
### ရေကြည်မြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးအမှုအမှတ်- ၅၁

| | |
|---|---|
| ဒေါ်နွယ်နွယ် (ခ) ဒေါ်ခိုင်နွယ်ဝင်း နှင့် | (၁) ဒေါ်တင်တင်ဝေ |
| | (၂) ဒေါ်ဝင်းသိန်း |
| **(တရားလို)** | **(တရားပြိုင်များ)** |

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ မြို့သစ်ရပ်ကွက်၊ နွယ်သာယာလမ်းနေ (၁)တရားပြိုင် ဒေါ်တင်တင်ဝေ (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နွယ်နွယ် (ခ)ဒေါ်ခိုင်နွယ်ဝင်းက ငွေ - ၇၀၈၀၀၀/- ကျပ် (ခုနစ်သိန်းရှစ်ထောင်ကျပ်) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ(၁)တရားပြိုင် ဒေါ်တင်တင်ဝေ သည် တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်သည် မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ်သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းနေလ)
ဒုတိယမြို့နယ်တရားသူကြီး
ရေကြည်မြို့နယ်တရားရုံး

### အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
### ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
### ၂၀၂၄ ခုနှစ် ၊ တရားမအထွေထွေမှုအမှတ်- ၁၂

| | | |
|---|---|---|
| ၁။ ဦးခင်မောင်စိုး | နှင့် | ၁။ ဦးအေးမြင့် |
| ၂။ ဦးညီစိုး | | (ကိုယ်တိုင်နှင့်(၂)လျှောက်ထား |
| ၃။ ဒေါ်နွယ်နွယ်ဝင်း | | ခံရသူ၏အခွင့်ရကိုယ်စားလှယ်) |
| ၄။ ဒေါ်သွယ်သွယ်ဝင်း | | ၂။ ဒေါ်မီမီလွင် |
| ၅။ ဦးအောင်ထွန်း | | ၃။ ဦးခင်မောင်ဦး |
| ၆။ ဒေါ်သီတာဦး | | ၄။ ဦးစိုးအောင် |
| ၇။ ဒေါ်စန္ဒာဝင်း | | ၅။ ဒေါ်ခင်မာလွင် |
| ၈။ ဒေါ်နီလာဝင်း | | ၆။ ဒေါ်ခင်မာဝေ |
| ၉။ ဒေါ်စံပယ်ဖြူ | | ၇။ ဦးခင်မောင်လတ် |
| ၁၀။ ဦးမျိုးမင်းဦး | | ၈။ ဦးခင်မောင်ငြိမ်း |
| ၁၁။ ဒေါ်နှင်းချယ်ရီ(ခ)ဒေါ်ဖြူဖြူခိုင် | | ၉။ ဦးခင်မောင်ထူး |
| | | ၁၀။ ဦးခင်မောင်တိုး |
| | | ၁၁။ ဦးခင်မောင်မြင့် |
| **(လျှောက်ထားသူများ)** | | **(လျှောက်ထားခံရသူများ)** |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ သိင်္ဂီလမ်းနှင့် နဝရတ်လမ်းကြား၊ (၀/၂၂၇)၊ ယုဇနလမ်းနေ ဒေါ်ခင်မာဝေ ၊ ဦးခင်မောင်လတ်၊ ဦးခင်မောင်ငြိမ်း၊ ဦးခင်မောင်ထူး၊ ဦးခင်မောင်တိုး၊ ဦးခင်မောင်မြင့် (အတူနေမိသားစုများ) (ယခုနေရပ်လိပ်စာမသိရှိသူများ)သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူက ဤရုံးသို့ " တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၁၀၀အရ မြေကွက်နှင့် နေအိမ် ကို ပြန်လည်လက်ရောက်ပေးအပ်ခွင့်ပြုပါရန် "တင်ပြလျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချ သင့်ကြောင်း အကြောင်းပြရန် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ရက်)နံနက်(၁၀)နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထင်လင်းကို)
ဒုတိယခရိုင်တရားသူကြီး(၃)
ပြင်ဦးလွင်ခရိုင်တရားရုံး

### မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ

**(၁)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းဂဏန်း ၅ လုံး သိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ (၂) ရက်နေ့**

**အောင်ဘာလေအွန်လိုင်းသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။** *အခမဲ့ထုတ်ဝေသည်*

### Jackpot ဆုမဲစနစ် ကျပ်သိန်း (၅၀၀)ဆု

က - ၄၃၀၂၈

ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

| | |
|---|---|
| ဂ - ၂၅၆၅၇ | က - ၅၆၃၂၈ |
| က - ၃၃၂၁၂ | ဃ - ၆၇၂၇၇ |

ကံထူးရှင်(၄)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| က - ၁၀၀၄၁ | ဂ - ၅၂၅၀၀ |
| ဃ - ၃၃၀၀၈ | ဃ - ၆၃၃၇၇ |

ကံထူးရှင်(၄)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဃ - ၄၄၈၇၇

ဂ - ၆၃၄၉၁

ကံထူးရှင်(၂)ဦး

### ဝေဝေဆာဆာပဒေသာကျပ်(၁)သိန်းဆုများ(၄)ယူနစ်

| | |
|---|---|
| ဃ - ၂၀၈ | ခ - ၇၁၆ |
| ဃ - ၅၄၇ | ခ - ၈၆၆ |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၄၀၀)ဦး

### ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ(၂)ယူနစ်

က - ၁၃ က - ၄၉

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ လ (၂)ရက်နေ့တွင် ကျင်းပသည့် (၁)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်း ဂဏန်း ၅လုံး သိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၂၄၁၁)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၂၄၁၁)ဦး ဖြစ်ပါသည်။

၂။ (၁)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၈၀)သိန်းအထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၄-၁၁-၂၀၂၄ ) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျပ်(၁၀)သိန်းနှင့်အောက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ထီကံစမ်းသူ၏ထီကံစမ်းယူရာတွင် အသုံးပြုပေးချေခဲ့သည့် ငွေပေးချေမှုစနစ်မှတစ်ဆင့် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၃။ ကျပ် (၁၀) သိန်း အထက် ထီဆုငွေများကို ထီဆုငွေကံထူးရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် မူရင်း/ မိတ္တူ သို့မဟုတ် Passport မူရင်း/မိတ္တူ သို့မဟုတ် Foreigner Registration Certificate(FRC) မူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် Passport အရွယ်အစားဓာတ်ပုံ (၃)ပုံ၊ Application တွင် ထီကံစမ်းခဲ့ကြောင်း အထောက်အထားထီလက်မှတ်နှင့် Screenshot မိတ္တူ၊ ထီကံထူးကြောင်းပေးပို့သည့် စာတို (SMS)နှင့် Screenshot မိတ္တူ၊ ထီဆုငွေထုတ်ယူရန် ပေးပို့ထားသော လျှို့ဝှက်ကုတ်ပါဝင်သည့် စာတို (SMS)နှင့် Screenshot မိတ္တူ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

---

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ဇောင်ချမ်းကုန်း ကျေးရွာအုပ်စု၊ မကျီးချောက် ကျေးရွာနေ ဦးစိုးသန်း ၉/မထလ(နိုင်)၀၀၄၈၄၇၏ ဇနီးအမည်မှန်မှာ ဒေါ်ညိုထွေးရီ ၉/မထလ(နိုင်)၀၄၆၄၅၃ ဖြစ်ပါကြောင်း။

ဒေါ်ညိုထွေးရီ

### ပျောက်ဆုံးကြောင်း

ဒေါ်မြတ်သူဇာ ၁၂/ ဗဟန(နိုင်) ၁၀၄၁၀၂ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၀၉၃၃၃၃၉

### ပတ်စ်ပို့ပျောက်

မိတ္ထီလာမြို့၊ သီရိမင်္ဂလာနယ်မြေ(၆)ရပ်ကွက်နေ ကျွန်တော် မောင်ဝေဖြိုးအောင် ၉/မထလ (နိုင်)၃၂၉၆၀ ၏ ပတ်စ်ပို့အမှတ် MF-373927 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉ ၃၀၈ ၆၀၈

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ ၄၀ါလမ်း၊ မြေကွက်အမှတ် (၈၆၀)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးအောင်သန်းထွန်း (၁၂/ဥကတ (နိုင်) ၁၂၅၇၀၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးအောင်သန်းထွန်း ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၂)၊ စေတနာ (၈)လမ်းနှင့် စေတနာ(၆)လမ်းထောင့်၊ မြေကွက်အမှတ် (၁၁၆၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးအုန်းမြိုင် (၁၁/စတန (နိုင်) ၀၀၇၄၉၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဉာဏ်ထွန်း (၁၂/ဒဂတ (နိုင်) ၀၅၄၃၅၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်အေးအေးမူ |
| LL.B, D.B.L, D.I.L., | LL.B, D.B.L., M.A. (Business Law) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ် ၁၁၇၀၉) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၃၁၁ ၅၁၀၅

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
### ရွှေပြည်သာမြို့နယ်တရားရုံးတော်၌
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၆၈

| | | |
|---|---|---|
| ဒေါ်တင်မိုးအေး | နှင့် | ဒေါ်သန္တာအောင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ ပထမထပ်၊ အမှတ်-(၄၅)နေ ဒေါ်သန္တာအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်မိုးအေးက “ကတိပဋိညာဉ်ပါအတိုင်းအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လွှမ်းပို့ပို့စိုး)
မြို့နယ်တရားသူကြီး
ရွှေပြည်သာမြို့နယ်တရားရုံး

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/10242, ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရွှေ ၈/မကန(နိုင်)၂၈၆၀၀၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တောင်ငူ)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/93871, ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းစိုး ၇/ထတပ(နိုင်)၀၅၁၁၁၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တောင်ငူ)

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ စုပေါင်းအဆောက်အအုံ၊ တိုက်အမှတ်(၄၉)၊ အခန်းအမှတ်(၁၁၀၁)၊ အထပ်(ဧကဒသမ)၊ ဧရိယာ(၂၅ပေ x ၅၀ပေ)(၁၂၅၀ စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မူလအမည်ပေါက် ဦးထိန်လင်း(PRE-၁၄၁၄၅၂) (၁၂/ဒပန(နိုင်)၀၃၀၈၈၂)၏ SPအမှတ်(၃၈၁၃/၂၀၁၈)အရ လွှဲအပ်ခံရသူ တရားဝင်ကိုယ်စားလှယ် ဦးတင်မောင်သန်း ၁၂/ဥကတ(နိုင်)၁၃၁၅၅၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသ ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းစာချုပ်စာတမ်း၊ မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း(တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၁၇၂)**
**B.A(LAW)LL.B(Advocate),D.B.L,D.M.L,D.I.L, D.A.Psy**
**WIPO,DL(101),(201),(317)Switzerland(Geneva)**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကံဘဲ့၊ (၁၂)ရပ်ကွက်**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊လမ်းသစ်အိမ်ရာ၊ Tower(A)၊(၁၆)ထပ်၊ အခန်းအမှတ်(၁၆၀၄)၊ အခန်းအကျယ်အဝန်း (၈၀၅ စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်း(ယခင်တိုက်အမှတ်(၈)၊ အခန်းအမှတ်(၁၄)၊ လမ်းသစ်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့)ရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဦးဝင်းမြင့် ၁၀/ဘလန(နိုင်)၀၆၅၉၇၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသ ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းစာချုပ်စာတမ်း၊ မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း(တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၁၇၂)**
**B.A(LAW)LL.B(Advocate),D.B.L,D.M.L,D.I.L, D.A.Psy**
**WIPO,DL(101),(201),(317)Switzerland(Geneva)**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကံဘဲ့၊ (၁၂)ရပ်ကွက်**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာ(၁)လမ်း၊ တိုက်အမှတ် (၄/၅၉)၊ စတုတ္ထထပ်၊ (၄)လွှာ ဟုခေါ်တွင်သော (အလျား ၁၈ပေ x အနံ ၄၄ပေ)အကျယ်ရှိ တိုက်ခန်း အပါအဝင်ယင်းတိုက်ခန်းတွင်သွယ်တန်းတပ်ဆင်ထားသည့် ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးနန်းဦး ၉/နထက(နိုင်)၁၅၀၇၄၆နှင့် ဒေါ်လင်းလင်းထိုက် ၁၂/ကမန(နိုင်)၀၇၅၈၈၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာအောင် ၁၂/ရပသ(နိုင်)၀၄၉၃၅၃၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးမြင့်မောင် (ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၅၈)
တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၅၀၃၉၈၄၁၁၊ ၀၉-၇၉၅ ၅၈၅၈ ၅၉

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ ရွှေ့ဆောင်လမ်း၊ မြေကွက်အမှတ် (၁၀၁၇)၊ အကျယ်အဝန်း (၄၁ပေ × ၆၀ပေ)ရှိ ဒေါ်သန်းသန်းရီ (၁၂/မဂတ (နိုင်) ၀၇၆၆၁၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သန်းသန်းရီ ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အလကခွဲ၊ ပေါင်းလောင်း၊ စတုတ္ထတန်းမှ မမြတ်ဆုကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး ၉/ပမန(နိုင်) ၁၇၈၉၂၀ ဖြစ်ပါကြောင်း။

ဦးမောင်စိုး

## Passport ပျောက်ဆုံးကြောင်း

အောင်လံမြို့နယ်၊ မင်းကန်မြောက်ကျေးရွာနေ (ဘ)ဦးဆလိုင်းစိုးလွင်၏သမီး မမိုင်ကြည်လဲ့လဲ့စိုး ၈/အလန(နိုင်)၂၂၅၂၇၅၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-063538)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၂၅၅၉၁၀၂၂၅သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/8416 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ကျောက်ဆည်)

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/3443 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## အများသိစေရန် အသိပေးကြေညာခြင်း

